www.facebook.com/themyawadydaily

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# မြဝတီ နေ့စဉ်

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိ၏ဟုသိ၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလ စသော ဂုဏ်ကျေးဇူးအနှစ်ကိုရကြကုန်၏။

ဓမ္မပဒ

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

[illegible]

the Myawady Daily

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက် ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ အင်္ဂါနေ့ အတွဲ(၆)၊ အမှတ်(၁၀၆)

# အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရပ်များကို နောင်လာနောက်သားများ လက်ထက်အထိ တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်

နေပြည်တော် ဩဂုတ် ၁

မြန်မာ့တန်ဖိုးဆိုသည်မှာ မြန်မာနိုင်ငံ၏ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုအမွေအနှစ်၊ အနုပညာနှင့်သုခုမလက်ရာများကို ကိုယ်စားပြုပါကြောင်း၊ မြန်မာလူမျိုး၊ မြန်မာနိုင်ငံဟုဆိုလိုက်သည်နှင့် ယင်းတန်ဖိုးများကို အလိုအလျောက်မြင်ယောင်လာစေမည်ဖြစ်ပါကြောင်း၊ ထို့အတူ အဆိုပါယဉ်ကျေးမှုအထိမ်းအမှတ်များကို မြင်လိုက်သည်နှင့် မြန်မာဆိုသည်ကိုလည်း ယှဉ်တွဲသိမြင်လာစေမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဧရာနာခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင်ကျင်းပသည့် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ♦



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ-ဖိုးဇော်

## လာအိုနိုင်ငံသမ္မတနှင့်ဇနီး မြန်မာနိုင်ငံသို့ မကြာမီလာရောက်မည်

နေပြည်တော် ဩဂုတ် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်နှင့်ဇနီး မစ္စစ်ခမ်မွန်းဂ် ဗိုရာချစ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလတွင်တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများ ပဉ္စမနေ့ကျင်းပ

စာ- ၇ သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၅˚ C / | ၃၀˚ C |
| ရန်ကုန် | ၂၆˚ C / | ၃၁˚ C |
| မန္တလေး | ၂၅˚ C / | ၃၁˚ C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရှမ်းပြည်နယ်အထူးဒေသ(၄)မှ NDAA (မိုင်းလား)အဖွဲ့က (၂၁)ရာစုပင်လုံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးပါဝင်ရေးမှုကို အပြည့်အဝထောက်ခံ

ရန်ကုန် ဩဂုတ် ၁

ရှမ်းပြည်နယ် အထူးဒေသ(၄)မှ NDAA(မိုင်းလား)အဖွဲ့အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးပါဝင်ရေးမှုကို အပြည့်အဝထောက်ခံကာ ခွဲမထွက်ရေးမူကိုလက်ကိုင်ထားသွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ရန်ကုန်ရုံးခွဲ၌ကျင်းပသောဆွေးနွေးပွဲမှ သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည်နယ်အထူးဒေသ(၄)မှ NDAA(မိုင်းလား)အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သောကိုယ်စားလှယ်များ ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်အထူးဒေသ(၄) NDAA (မိုင်းလား)အဖွဲ့အနေဖြင့် နိုင်ငံရေးအခြေခံမူအရ ပြည်ထောင်စုမှခွဲမထွက်ရေးမူကို အမြဲတမ်းလက်ကိုင်ထားမည်ဖြစ်ကြောင်း၊ မကြာမီကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးပါဝင်ရေးကို ဖော်ဆောင်သင့်ကြောင်းနှင့် အပြည့်အဝထောက်ခံကြောင်း၊ စီးပွားရေးပိုင်းတွင် မြေပေါ်မြေအောက်သယံဇာတများသည်

စာမျက်နှာ ၁၆ ကော်လံ ၁ ✱

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော MECHANICAL CAR PARKING










TRW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

## အယ်ဒီတာ့အာဘော်

(၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂ ရက်)

# ရေရှည်ဖွံ့ဖြိုးရေးပါဝင်ကြိုးပမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်အတွင်း နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒများကို ထုတ်ပြန်ကြေညာလိုက်ရာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်၊ နိုင်ငံတော်၏ရည်မှန်းချက်(၄)ရပ်နှင့် စီးပွားရေးမူဝါဒ(၁၂)ချက်တို့ပါဝင်သည်။

နိုင်ငံတော်၏စီးပွားရေးမူဝါဒမျှော်မှန်းချက်မှာ နိုင်ငံတော်၏စီးပွားရေးမူဝါဒသည် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်တိုးတက်မှုရှိရန် ရည်ရွယ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်ချမှတ်ရန် မျှော်မှန်းထားပါသည်ဟုတွေ့ရသည်။

ကမ္ဘာ့နိုင်ငံများတွင် ဖွံ့ဖြိုးရေးနှင့်သဘာဝပတ်ဝန်းကျင်စီမံလန်းစိုပြည်ရေးတို့ကို တစ်ပြိုင်တည်းတည်ဆောက်နေကြရာ ဖွံ့ဖြိုးရေးအတွက် သဘာဝသယံဇာတများထုတ်ယူသုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအစီအစဉ်တို့သည် ဆန့်ကျင်ဘက်သဘောတရားများဖြစ်နေကြသည်ကို ၁၉၇၀ ပြည့်နှစ်မတိုင်မီကပင် ဆွေးနွေးခဲ့ကြသည်။ ရာသီဥတုပြောင်းလဲမှုလျော့နည်းသက်သာရေးအတွက် စိမ်းလန်းစိုပြည်သောပတ်ဝန်းကျင်တည်ထောင်ရမည်။ ရာသီဥတုပြောင်းလဲမှုသည် ပတ်ဝန်းကျင်ယိုယွင်းမှုကိုသာမကဘဲ လူမှုရေးနှင့်စီးပွားရေးအကျပ်အတည်းတို့ကိုပါ ခြိမ်းခြောက်လျက်ရှိသည်ဆိုသော အတွေးအမြင်များကျယ်ပြန့်လာသည်မှာ ရာစုနှစ်တစ်ဝက်ခန့်ကြာခဲ့ပြီဖြစ်သည်။

ဖွံ့ဖြိုးရေးအတွက် သယံဇာတများရှာဖွေဖော်ထုတ်ခြင်းနှင့် စီးပွားဖြစ်ကုန်ထုတ်လုပ်ငန်းတို့ဆက်နွှယ်မှုရှိကြောင်း ၁၉ ရာစုအတွင်းကပင် လေ့လာဆန်းစစ်ခဲ့ကြသည်။ လေ့လာဆန်းစစ်မှုများအရ တိုးပွားလာသောလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံအောင် ထုတ်လုပ်နိုင်မှသာ လူတို့အတွက် ဝတ်မှတ်ခေါင်းပါးခြင်းနှင့်ရောဂါဘယထူပြောခြင်းဘေးအန္တရာယ်များကင်းရှင်းမည်ဟု ဆိုကြသည်။

နောင်အနာဂတ်လူသားတို့၏ ဖွံ့ဖြိုးမှုအတွက် ကန့်သတ်ချက်များကို မည်သို့ဆက်လက်ဆောင်ရွက်ကြမည်ဆိုသောပြဿနာရပ်ကို လေ့လာဆန်းစစ်ကြရာတွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် ယခုအခြေအနေအတိုင်း ဆက်လက်လုပ်ဆောင်နေကြမည်ဆိုသော် ကမ္ဘာ့ပြည်သူအားလုံး ကပ်ကြီးသုံးပါးဘေးအန္တရာယ်နှင့်ကြုံတွေ့ရမည်မှာ သေချာနေခြင်းကြောင့် သယံဇာတထုတ်ယူသုံးစွဲမှု၊ စက်မှုလုပ်ငန်းများတည်ထောင်မှုနှင့် လူဦးရေတိုးပွားမှုတို့ကို လျှော့ချရန်အဆိုကို ရောမကလပ် (Club of Rome) က တင်သွင်းသည်။ ရောမကလပ်၏အဆိုကို အချေအတင်ဆွေးနွေးကြရာတွင် ၎င်းအဆိုသည် တစ်ဖက်ကအသာစီးရပြီး တခြားတစ်ဖက်က နစ်နာသောအခြေအနေ (Win-Lost)ဖြစ်သဖြင့် သူလည်းမသာ မိမိလည်းမနစ်နာစေသည့်အခြေအနေ (Win-Win) ဖြစ်စေရန် အဖြေကိုယနေ့အချိန်အထိ ရှာနေကြဆဲပင်ဖြစ်သည်။ ထိုအခြေအနေမှာပင် အမြွှာညီနောင်သဖွယ်ဖြစ်နေသော လူဦးရေပေါက်ကွဲမှုနှင့် ပတ်ဝန်းကျင်ယိုယွင်းမှုပြဿနာကိုပါ ဖြေရှင်းနေကြရခြင်းကြောင့် ရေရှည်ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များချမှတ်ရန်လွယ်ကူသလောက် လက်တွေ့ဆောင်ရွက်ရာတွင် ခက်ခဲနက်နဲလှသည်။

ရေရှည်ဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်များမှာ လူမှုရေးတည်ငြိမ်မှု၊ စီးပွားရေးခိုင်မာမှုနှင့်ပတ်ဝန်းကျင်တည်တံ့မှုတို့ဖြစ်သည်။ ဤလိုအပ်ချက်များကို မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ကြရာ၌ ပညာရှင်များ၏အမြင်၊ ဒေသခံပြည်သူတို့၏အခြေအနေနှင့် နိုင်ငံတော်အကျိုးစီးပွားတို့ကို သဟဇာတဖြစ်စေရန် အားလုံးပါဝင်ကြိုးပမ်းကြပါရန် မြဝတီကတိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများအား ဗြိတိန်သံအမတ်ကြီးလာရောက်တွေ့ဆုံ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗြိတိန်သံအမတ်ကြီး လာရောက်တွေ့ဆုံစဉ်။

ရန်ကုန် ဩဂုတ် ၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဦးဆောင်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ၁၆ ပါးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E.Andrew Patrick သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ရပ်တည်ချက်၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဗြိတိန်သံအမတ်ကြီး၏မေးမြန်းမှုအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဘာသာရေး၊ သာသနာရေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းမြေကြားခဲ့သည်။

(သတင်းစဉ်)

# အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်း နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်း နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါသိပ္ပံပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများက"နေ့သစ်ဆီသို့"သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ထူးချွန်သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် ရိုးရိုးအောင်မြင်သူများအားလည်းကောင်း၊ အားကစားနှင့်ပညာရေး ပေါင်းစပ်အထက်တန်းကျောင်းမှဘောဂဗေဒဂုဏ်ထူးရရှိအောင်သင်ကြားပေးသော ဆရာမနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း ကျောင်းတက်ရက်မှန်ပျက်ကွက်မရှိ ပညာသင်ကြားပေးသော ဆရာမ ၁၁ ဦးအားလည်းကောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ဝန်ထမ်းများအား ဝန်ထမ်းဝတ်စုံများကိုလည်းကောင်း ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများကပေးအပ်ကြကြောင်း သိရသည်။



အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် ထူးချွန်သင်တန်းသားတစ်ဦးအား ဆုပေးအပ်စဉ်။

နေကိုထိုက်

# JICA နှင့်ပူးပေါင်း၍ ထားဝယ်မြို့ ရေပေးဝေရေးလုပ်ငန်း တိုးချဲ့လုပ်ဆောင်မည်

ထားဝယ် ဩဂုတ် ၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရေပေးဝေရေးလုပ်ငန်း တိုးချဲ့စီမံကိန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ထားဝယ်မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ စက်တင်ဘာလတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထားဝယ်မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါစီမံကိန်းမှ ရေဂါလန်တစ်သိန်း ဝန်းကျင်ခန့်ပေးဝေနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး စီမံကိန်းမြေနေရာအတွက် ထားဝယ်မြို့ ဥသျှစ်ရပ်ကွက်အတွင်းရှိ စည်ပင်သာယာရေးကော်မတီပိုင်မြေအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းစီမံကိန်းတိုးချဲ့ပြီးပါက လက်ရှိတွင် ရေပေးဝေနေသောနေရာများသို့ ရေပိုမိုပေးဝေနိုင်မည့်အပြင် ဆန်းချိုမြို့သစ်ရပ်ကွက်၊ ဥသျှစ်ရပ်ကွက်၊ ထိန်သစ်ရပ်ကွက်အပြင် ကမ်းနားလမ်း၊ ဆိပ်ကမ်းသာပန်းခြံသို့သီးခြား ရေသွယ်စနစ်ဖြင့် ရေရယူ၍ ဘုမွှော်ရပ်ကွက်၊ ဒေါင်းငူတံငါရပ်ကွက်၊ သဘော်ဆိပ်ရပ်ကွက်၊ ဗျော်တောဝရပ်ကွက်နှင့် ကျောက်မော်ကြီးရပ်ကွက်တို့ကိုပါ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

အမ်အမ်ကေ

# မော်လမြိုင်၊ ဘားအံနှင့် မြဝတီမြို့တို့၌ မြို့ပြစီမံကိန်းတစ်ခုရေးဆွဲလျက်ရှိ

မော်လမြိုင် ဩဂုတ် ၁

မဟာမဲခေါင်ဒေသခွဲ စကြိုလမ်းတစ်လျှောက်ရှိ မြို့ပြများဖွံ့ဖြိုးမှုစီမံကိန်းအတွင်း အလားအလာကောင်းသော ဗဟိုဌာနသုံးခုဖြစ်လာမည့် မော်လမြိုင်၊ ဘားအံနှင့်မြဝတီမြို့တို့၌ မြို့ပြစီမံကိန်းတစ်ခုရေးဆွဲလျက်ရှိကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ သိရသည်။

ယင်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အာရှဖွံ့ဖြိုးရေးရန်ပုံငွေချေးငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ထိုသို့ရေးဆွဲရာတွင် ပိုက်လိုင်းဖြင့်ရေပေးဝေရေးစနစ်၊ မြို့ပြရေစီးရေလာကောင်းမွန်ရေးစနစ်၊ ရေလွှမ်းမိုးမှုမှကာကွယ်ရေးစနစ်နှင့် အိမ်ထောင်စုများအတွက် ကျယ်ပြန့်သောသန့်ရှင်းရေးစနစ်များအပါအဝင် အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းနှင့်မြို့ပြဝန်ဆောင်မှုများ အဆင့်မြှင့်တင်ခြင်းတို့ပါဝင်သည်။

ထို့ပြင် အမှိုက်သိမ်းစနစ်၊ စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု၊ မြို့ပြရေဆိုးထိန်းသိမ်းရေးစနစ်၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး မြန်ဆန်လာစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းတို့ကို ပိုမိုအားကောင်းလာစေရန် ပံ့ပိုးကူညီမှုများ ပါဝင်လာမည်ဖြစ်သည်။ ထိုစီမံကိန်းတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ဈေးနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးတို့ကို စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။ ဒုတိယစီမံကိန်းအနေဖြင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွင်း ခရီးသွားလုပ်ငန်းအခြေခံအဆောက်အဦဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးနှင့်မော်လမြိုင်မြို့တို့၌ချေးငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စာထီ

www.facebook.com/themyawadydaily



# ရန်ကုန်ရေဒါစခန်း တည်ဆောက်မှုအပိုင်းနှင့် စက်ပစ္စည်းတပ်ဆင်သည့် အပိုင်းများ ရာနှုန်းပြည့်ပြီးစီးနေ

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်မြို့ရှိ မုန်တိုင်းရေဒါ (ရန်ကုန်ရေဒါ) သည် တည်ဆောက်မှုအပိုင်းနှင့် စက်ပစ္စည်းတပ်ဆင်သည့်အပိုင်းများ ရာနှုန်းပြည့်ပြီးစီးနေသဖြင့် စမ်းသပ်လည်ပတ်လျက်ရှိပြီး အောက်တိုဘာလတွင် လုပ်ငန်းများ စတင်လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်-ကမ္ဘာအေး) မှ သိရသည်။

ရန်ကုန်ရေဒါစခန်းသည် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မိုးလေဝသတိုင်းတာရေးစခန်း (အောက်မြန်မာပြည်) နံ့ဝင်းအတွင်း၌ ဂျပန်နိုင်ငံ၏နည်းပညာဖြင့် တည်ဆောက်ထားသည့် Doppler Radar (S-Band) အမျိုးအစားဖြစ်ပြီး လက်ရှိတွင် စက်များပုံမှန်လည်ပတ်မှုရှိ၊ မရှိနှင့် ဖြည့်စွက်စရာများသိရှိနိုင်စေရန် စမ်းသပ်လည်ပတ်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်ရေဒါသည် အမြင့် ၇၅ မီတာ၊ အကျယ် ၁၃ မီတာ၊ မတ်စေ့ပုံထောင့်ချစ်မြောင့်ပုံ အထပ် ၁၈ ထပ်ရှိကာ ကျောက်ဖြူရေဒါနှင့် မန္တလေးရေဒါများထက် ပိုမိုမြင့်မားပြီး စက်လည်ပတ်နိုင်ရန် ဂျပန်နိုင်ငံ (Japan Radio Co.,Ltd.) မှ နည်းပညာရှင်များက မြန်မာနိုင်ငံမှ အင်ဂျင်နီယာများအား စက်တင်ဘာလမှစတင်၍ သင်တန်းများပို့ချပေးမည်ဖြစ်သည်။

အဆိုပါရေဒါသည် ရန်ကုန်မြို့တစ်ဝိုက် ၄၅၀ ကီလိုမီတာကျော်အတွင်း ဖြစ်ပေါ်နေသော မုန်တိုင်းအခြေအနေ၊ မိုးရွာသွန်းမှုအခြေအနေနှင့် လေပြင်းတိုက်ခတ်မှုအခြေအနေများကို နေပြည်တော်ရှိ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရှိ သဘာဝဘေးဘက်စုံသတိပေးဗဟိုဌာန၊ အမျိုးသားမိုးလေဝသခန့်မှန်းရေးဗဟိုဌာနသို့ သတင်းအချက်အလက်များပေးပို့မည်ဖြစ်ပြီး ယင်းမှတစ်ဆင့် မှန်ကန်သောသတိပေးချက်များ ထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(၇၇၃)



# ကျောက်တံတားမြို့နယ် အတွင်း လမ်းများအလိုက် လုံခြုံရေးကင်မရာများ တပ်ဆင်ထား

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်းရှိ လမ်းများ၌ လမ်းအလိုက် ဓာတ်တိုင်တစ်တိုင်စီတိုင်း လုံခြုံရေးကင်မရာများကိုတပ်ဆင်ထားကြောင်း ဆိပ်ကမ်းသာလမ်းအတွင်း နေထိုင်သူများထံမှ သိရသည်။

"ဇူလိုင်လကုန်ပိုင်းမှာ ကိုယ်ထူကိုယ်ထစနစ်နဲ့ လမ်းအလိုက်တပ်ဆင်ထားတာပါ။ မလိုလားအပ်တဲ့ အမှုအခင်းတွေကနေ ကင်းဝေးအောင် အဓိကရည်ရွယ်ထားပါတယ်" ဟု ဆိပ်ကမ်းသာလမ်းအတွင်း နေထိုင်သူတစ်ဦးကပြောသည်။

အဆိုပါမြို့နယ်အတွင်းရှိ တချို့သောလမ်းများ၌ လမ်းဖြတ်တစ်ခုစီ၏ အနေအထားပေါ် မူတည်၍ လုံခြုံရေးကင်မရာ ရှစ်လုံးမှကိုးလုံးကြား တပ်ဆင်ထားခြင်းဖြစ်သည်။

ထိုလုံခြုံရေးကင်မရာမှရရှိသော မှတ်တမ်းများကို လမ်းအလိုက်ထိန်းသိမ်းထားမည်ဖြစ်ပြီး မလိုအပ်သောအချက်များကို ပယ်ဖျက်သည့်အခါ လမ်းသာယာရေးကော်မတီဝင်များ ဆွေးနွေးအတည်ပြုပြီးမှ ဖျက်သိမ်းခြင်းများ ပြုလုပ်မည်ဖြစ်ပြီး နေ့စဉ်မှတ်တမ်းရယူကာ ထိန်းသိမ်းထားကြောင်း သိရသည်။

"ဖျက်တယ်ဆိုတာကလည်း သိုလှောင်ထားတဲ့ Memory ပေါ် မူတည်ပြီး အခက်အခဲဖြစ်လာမှာစိုးလို့ ကြိုတင်ပြီးစီစဉ်ထားတာပါ" ဟု လမ်းသာယာရေးကော်မတီဝင်တစ်ဦးကပြောသည်။ **ထက်နိုင်(စမ်းချောင်း)**

# ရန်ကုန်မြို့ရှိ ကားဝယ်ရောင်းဈေးကွက်များ၌ ငွေကျပ် သိန်း ၁၀၀ ကျော်တန် Hybrid ကားများ အရောင်းအဝယ်သွက်လာ

ရန်ကုန် ဩဂုတ် ၁

၂၀၁၆ ခုနှစ် ဇူလိုင်လဆန်းပိုင်းမှစ၍ ရန်ကုန်မြို့ရှိ ကားဝယ်ရောင်းဈေးကွက်များ၌ လောင်စာဆီစားမှုသက်သာပြီး အပိုပစ္စည်းများပေါများလာခြင်းကြောင့် Honda Insight Hybrid ကားအပါအဝင် Hybrid ကားများကို ဝယ်ယူမှုများပြားလာသဖြင့် အရောင်းအဝယ်သွက်ကာ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

"အရင်တုန်းကဆိုရင် Hybrid ကားတွေကို လူအများစုက စီးချင်ကြတယ်။ ဒါပေမဲ့ ဒီကားတွေရဲ့ အရေးကြီးဆုံးအစိတ်အပိုင်းဖြစ်တဲ့ ဘက်ထရီအပါအဝင် တခြားပစ္စည်းတွေက ပျက်ရင်ဝယ်ယူရတာခက်လို့ သိပ်မစီးကြဘူး။ ဇွန်လဆန်းပိုင်းလောက်ကစပြီးတော့ ဒီကားတွေရဲ့အပိုပစ္စည်းတွေက ဂျပန်နိုင်ငံကနေ ပြည်တွင်းကို ဈေးနှုန်းသက်သာစွာနဲ့ ဝင်ရောက်လာတာဖြစ်လို့ Hybrid ကားတွေ အရောင်းအဝယ်သွက်ပြီး ဈေးတက်လာတာပါ" ဟု သိရိမင်္ဂလာဈေးဟောင်းကားဝယ်ရောင်းဈေးကွက်မှ ဝါရင့်ကားဝယ်ရောင်း ကိုဇော်ကြီးကပြောသည်။

လက်ရှိတွင် အရောင်းအဝယ်သွက်ပြီး ဈေးတက်နေသည့် Hybrid ကားများမှာ Honda Insight နှင့် Honda Fit ကားများဖြစ်ပြီး ဈေးနှုန်းများမှာ ကား၏အကွာရာ အမျိုး အစားပေါ် မူတည်၍ ငွေကျပ် ၁၀ သိန်းမှ ၁၅ သိန်းအထိ ကွာခြားကြောင်း သိရသည်။

Hybrid နည်းစနစ်အရ ယင်းကားများမှာ လောင်စာဆီကို အဓိကအသုံးပြုခြင်းထက် လျှပ်စစ်အားကိုလည်းမှီပြီး အသုံးပြုရခြင်းကြောင့် လောင်စာဆီစားမှု သက်သာရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Hybrid ကားများကို ဂျပန်နိုင်ငံမှ အဓိကထုတ်လုပ်ပြီး ဈေးနှုန်းမှာ ငွေကျပ်သိန်း ၁၁၀ မှ ၁၃၀ အထိရှိကြောင်း သိရသည်။

**မင်းသော်တာလွင်**

# ယာဉ်စီးနှင်းသူများအသုံးပြုသော ကြိုတင်ငွေဖြည့်ကတ်စနစ်လုံခြုံရေး စင်ကာပူကုမ္ပဏီနှင့် နည်းပညာပူးပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြိုတင်ငွေဖြည့်ကတ်စနစ်ဖြင့် စီးနင်းနေကြသော ခရီးသည်များအသုံးပြုသည့်ကတ်စနစ်လုံခြုံရေးကို စင်ကာပူကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း Integrated Smart Solutions Co.,Ltd. မှ CEO ဦးကျော်ဇေယျကပြောသည်။

"ခရီးသည်တွေရဲ့ ပိုက်ဆံတွေက ဒီကတ်စနစ်ထဲမှာ လည်ပတ်နေတယ်။ ငွေကြေးနဲ့လုပ်ကိုင်ရတော့ နည်းပညာလုံခြုံမှုစနစ်တွေကလည်း အရေးကြီးတယ်။ မိမိတို့နိုင်ငံမှာမရှိသေးပေမယ့် နိုင်ငံတကာမှာတော့ System တွေကို Hack ခံရလို့ ငွေကြေးဆုံးရှုံးမှုတွေရှိတာကြောင့် ပိုမိုလုံခြုံစိတ်ချရအောင် အာရှမှာထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်တဲ့ စင်ကာပူကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်ထားတာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

Anypay ကြိုတင်ငွေဖြည့်ကတ်စနစ်ဖြင့် ခရီးသည်တင်ယာဉ်စီးနင်းခြင်းကို Yangon Bus Public Co.,Ltd. ၏ BRT Lite ယာဉ်များတွင်စီစဉ်ထားပြီး ယခုယာဉ်အစီးရေပေါင်း ၆၅ စီးတွင် တပ်ဆင်ဆောင်ရွက်ထားသည်။

ထိုကတ်စနစ်လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုသဘောတူစာချုပ်ချုပ်ဆိုခြင်းကို ယမန်နေ့ ည ၇ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ မြန်မာနိုင်ငံရှိ Integrated Smart Solutions Co.,Ltd. မှ CEO ဦးကျော်ဇေယျနှင့် စင်ကာပူနိုင်ငံရှိ MSI Global Pte Ltd. မှ မန်နေးဂျင်း ဒါရိုက်တာ Mr.Sim Wee Meng တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုပူးပေါင်းဆောင်ရွက်မှုများအရ ပိုမိုကောင်းမွန်သော ငွေပေးချေမှုစနစ်ကိုဖော်ဆောင်သွားမည်ဖြစ်ပြီး အောက်တိုဘာလတွင် စနစ်သစ်ကိုစတင်စမ်းသပ်သုံးစွဲ၍ နိုဝင်ဘာလတွင် အများပြည်သူသုံးစွဲခွင့်ရရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထက်နိုင်(စမ်းချောင်း)**




# တန်ဖိုးနည်းတိုက်ခန်းဝယ်လိုသူများ အိုးပိုင်အိမ်ပိုင် မရှိကြောင်း တင်ပြရမည့်အပြင် တစ်လလျှင် ဝင်ငွေ ငွေကျပ်သုံးသိန်းမှ ငါးသိန်းအတွင်းရှိရမည်

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး၌ ယခုလအတွင်းရောင်းချမည့် တန်ဖိုးနည်းတိုက်ခန်းဝယ်လိုသူများ အိုးပိုင်အိမ်ပိုင်မရှိကြောင်း တင်ပြရမည့်အပြင် မိသားစုဝင်ငွေသည် တစ်လလျှင် ငွေကျပ်သုံးသိန်းမှ ငါးသိန်းအတွင်းရှိရမည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ရောင်းချပေးမည့် တန်ဖိုးနည်းတိုက်ခန်းများမှာ ဒဂုံ (ဆိပ်ကမ်း) မြို့နယ် ယုဇနတန်ဖိုးနည်းအိမ်ရာအပိုင်း (၁) မှ ၈၆၄ ခန်း၊ ဒဂုံ (ဆိပ်ကမ်း) မြို့နယ် ကနောင်အိမ်ရာစီမံကိန်းမှ အခန်းပေါင်း ၈၄၀ ခန်း၊ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းအိမ်ရာအပိုင်း (၃) မှ ၅၀၄ ခန်း စုစုပေါင်း တန်ဖိုးနည်းတိုက်ခန်းပေါင်း ၂၂၀၈ ခန်းဖြစ်ကြောင်း သိရသည်။

အဆိုပါတိုက်ခန်းများအား ငွေကျပ်သိန်း ၇၀ မှ ၁၂၀ ကြားဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အိမ်ပိုင်မရှိသူများအား ရှစ်နှစ်အရစ်ကျစနစ်ဖြင့် ဩဂုတ်လလယ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အများပြည်သူနှင့်အစိုးရဝန်ထမ်းများသို့ ရောင်းချပေးမည်ဖြစ်ကာ လက်ငင်းငွေချေလိုသူများအနေဖြင့် လေးလခွဲသွင်း၍ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အရစ်ကျစနစ်ဖြင့်ရောင်းချမည့် တိုက်ခန်းများမှာ အလျား ၁၈ ပေ၊ အနံ ၂၆ ပေရှိမည်ဖြစ်ပြီး Hall Type အဖြစ် ဖွဲ့စည်းထားကာ ဧရိယာစတုရန်းပေ ၄၆၈ မှ ၅၀၀ အထိရှိမည်ဖြစ်ကာ တိုက်ခန်းလျှောက်လွှာဝယ်ယူရမည့်ရက်နှင့် စည်းကမ်းချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတင်းစာများတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

(၇၇၃)



www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# သရက်မြို့ ရွာသစ်ကျေးရွာ၌ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ ကျင်းပ

သရက် ဩဂုတ် ၁

မကွေးတိုင်းဒေသကြီး သရက်မြို့ ရွာသစ်ကျေးရွာ ရွာလယ်မွှာရုံ၌ ယမန်နေ့ နံနက် ၉ နာရီက ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်းက မြေငှားဂရန်ထုတ်ပေးရသည့်ရည်ရွယ်ချက်နှင့် မြေအရှုပ်အရှင်းမရှိသည့် ကျေးရွာများကို ရွေးချယ်ကာ ပုံစံ(၆၆)ရှိသူ၊ နိုင်ငံသားစိစစ်ရေးကတ်ရှိသူ၊ ၎င်းကျေးရွာ၌ တစ်ဆက်တည်း ၁၂ နှစ်ကြာ နေထိုင်သူများကို စိစစ်ရွေးချယ်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် မြေငှားဂရန်များကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ရွာသစ်ကျေးရွာအိမ်ထောင်ဦးစီးများထံသို့ မြေကွက် ၈၇ ကွက်ရှိ ၇ ဒသမ ၈၆ ဧက အတွက် မြေငှားဂရန်များပေးအပ်ပြီး ရပ်မိရပ်ဖ ဦးစောမြင့်သိန်းက ကျေးရွာ၏ကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

အလားတူ ခရိုင်အတွင်းရှိ အောင်လံမြို့နယ် ပိတောက်ကုန်းကျေးရွာသို့လည်းကောင်း၊ မင်းတုန်းမြို့နယ် ဇီးတောကျေးရွာသို့လည်းကောင်း၊ ကံမမြို့နယ် ကဇင်းကြီးကျေးရွာသို့လည်းကောင်း၊ မင်းလှမြို့နယ် ပြည်စိုးကျေးရွာသို့လည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ် မကြီးစမ်းကျေးရွာသို့လည်းကောင်း စနစ်တကျစိစစ်ရွေးချယ်၍ အိမ်ထောင်ဦးစီးများထံသို့ ယမန်နေ့က တစ်ပြိုင်တည်း မြေငှားဂရန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## သဇင်(FM)အသံလွှင့် အစီအစဉ်

**၂-၈-၂၀၁၆(အင်္ဂါနေ့)**

| | | |
|---|---|---|
| ၁။ | ၀၇း၀၀ | Thazin Morning Review & Sports |
| ၂။ | ၁၀း၀၀ | Birthday Wish |
| ၃။ | ၁၁း၃၀ | Album Choice |
| ၄။ | ၁၂း၁၅ | Listener Choice |
| ၅။ | ၁၄း၀၀ | ချစ်ခြင်းရဲ့ နှစ်ပတ်လည် |
| ၆။ | ၁၄း၃၀ | ကဗျာဥယျာဉ် |
| ၇။ | ၁၅း၃၀ | First Step |
| ၈။ | ၁၇း၀၀ | 99 Album |
| ၉။ | ၁၇း၂၀ | Online Request Songs |
| ၁၀။ | ၂၀း၃၀ | ချစ်ခွန်းတေးသံ ချစ်သူထံ |

# မြစ်မ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ပုလဲ ဩဂုတ် ၁

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစ်မ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာငါးရွာအတွက် ငွေကျပ် သိန်း ၁၅၀၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ ပုလဲရတနာခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က အမှာစကားပြောကြားပြီး ယင်းမာပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်စိုးက ခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစ်မ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က မြစ်မ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ပဲခင်းမကျေးရွာ၊ လုပ်သားကျေးရွာ၊ ကံရိုးကျေးရွာ၊ ကြူခြဲကျေးရွာနှင့် သရက်လှကျေးရွာတို့အတွက် မြစ်မ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေအဖြစ် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့်ပေးအပ်ရာ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက လက်ခံရယူပြီး ကျေးရွာများကိုယ်စား ပဲခင်းမကျေးရွာ မြစ်မ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ဦးကျော်နိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြစ်မ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေရရှိသည့် ကျေးရွာများမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**မင်းခန့်စိုး(ဓေယျာမြေ)**






# ပခုက္ကူမြို့နယ်အတွင်း ရေဝတီမြစ်ရေဝင်ရောက်သည့် ကျေးရွာများသို့ ကူညီဆောင်ရွက်ပေး

ပခုက္ကူ ဩဂုတ် ၁

ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်၊ ပခုက္ကူရေအလှူတော်အဖွဲ့မှ ဦးဇာနည်ဘုန်းမော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲက ဧရာဝတီမြစ်ရေဝင်ရောက်သည့် ပခုက္ကူမြို့နယ် ကွန်းရွာအုပ်စု ချောက်ဦးသာကျေးရွာနှင့် ကွန်းပုလုကျေးရွာတို့သို့ စက်လှေနှစ်စင်းဖြင့်သွားရောက်၍ အဆိုပါကျေးရွာများမှ လူနှင့်တိရစ္ဆာန်များအား စက်လှေဖြင့် ကွန်းရွာကျေးရွာနှင့် ကျောစည်ကျေးရွာတို့သို့ ရွှေ့ပြောင်းနေမှုများကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် အဆိုပါကျေးရွာနှစ်ရွာသို့ မြစ်ရေဝင်ရောက်သည့်အတွက် သောက်ရေအခက်အခဲမရှိစေရန် တစ်လီတာဝင်ရေသန့်ဘူး ၇၂၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

# တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသခြင်းနှင့် အသိပညာပေးဟောပြောခြင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တိုင်းရင်းဆေးကုသရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့ နံနက် ၉ နာရီက လယ်ဝေးမြို့နယ် ဝင်တဲတူးကျေးရွာ၌ တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသခြင်းနှင့် အသိပညာပေးဟောပြောခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ကြသည်။

အခမ်းအနားတွင် မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ ဆေးခန်းမှူး ဒေါ်အေးအေးက ဆေးဖက်ဝင်အပင်များနှင့် နေ့စဉ်လိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးအလေ့အထကောင်းများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေကြည်ဆန်းအောင်(ဝေကြည်-လယ်ဝေး)က ကွမ်းစားခြင်းကြောင့် ဖြစ်ပွားနိုင်သည့် ရောဂါများအကြောင်းနှင့် စာဖတ်ခြင်းဖြင့်ရရှိသော အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာနေပြည်သူ ၆၅ ဦးအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများပြသခဲ့ကြောင်း သတင်းရရှိသည်။

**မင်းမင်းလတ်**

# နွားထိုးကြီးမြို့နယ်၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

နွားထိုးကြီး ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ဗိုင်းလည်(မ)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဩစတြေးလျနိုင်ငံ Four Good Group School Foundation ၏ ပံ့ပိုးမှုဖြင့် ဆောက်လုပ်ခဲ့သည့် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်ပညာရေးမှူး ဦးကိုကို၊ ဩစတြေးလျနိုင်ငံ Four Good Group School Foundation မှ အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ Four Good Group School Foundation မှ အလှူရှင် Miss Adina က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပညာရေးဌာနသို့ ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဗိုင်းလည်(မ)ကျေးရွာ ရပ်မိရပ်ဖ ဦးဟန်မြင့်က ကျေးဇူးတင်စကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးငွေထွန်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြောင်း သိရသည်။

**သန်းအောင်ဇော်**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# နှစ် ၃၀ အမျိုးသားသစ်တောစီမံကိန်းအရ ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း သဘာဝနယ်မြေကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းလွှမ်းခြုံရန် ဖြည့်ဆည်းဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၁

နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်းအရ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းလွှမ်းခြုံရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

ယခုအချိန်ထိ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တော ၃၉၈၄၁၇၆၃ ဧက(ရာခိုင်နှုန်းအားဖြင့် ၂၃ ဒသမ ၈၃ ရာခိုင်နှုန်း)၊ သဘာဝနယ်မြေ ၉၆၀၇၄၉၀ ဧက(ရာခိုင်နှုန်းအားဖြင့် ၅ ဒသမ ၇၅ ရာခိုင်နှုန်း) ဖွဲ့စည်းထားကြောင်း သိရသည်။

"ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ၁၀ နှစ် စီမံကိန်းကို ဒီစီမံကိန်းကာလအတိုင်း ၁၀ နှစ်တစ်ကြိမ်ရေးဆွဲပြီး ကျွန်းသစ်မာပင်ထောင်ရိုက်မှတ်တာ၊ စိုက်ခင်းတည်ထောင်တာတွေ ဒီလိုမျိုး သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်း သစ်တောလုပ်ငန်း ၁၆ မျိုးကို ဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့နိုင်ငံက သစ်တောသယံဇာတပေါတဲ့နိုင်ငံဖြစ်ပေမယ့် ပြည်တွင်းလိုအပ်ချက်၊ အိမ်နီးချင်းနိုင်ငံတွေက တစ်နေ့ထက်တစ်နေ့ သစ်လိုအပ်ချက်ပိုများလာတာနဲ့အမျှ သစ်တောဝန်ထမ်းအင်အားက နည်းပါးနေတာကြောင့် တရားမဝင်သစ်ခိုးထုတ်တာတွေ ဖြစ်ပေါ်လာတယ်။ ဒါကြောင့် သစ်တောသယံဇာတပျက်စီးဆုံးရှုံးမှုကို ရင်ဆိုင်တွေ့ကြုံနေရတယ်။ ဒီအခက်အခဲကို သစ်တောဦးစီးဌာနတစ်ခုတည်းမဟုတ်ဘဲ ဆက်စပ်ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ ဒေသခံပြည်သူတွေကလည်း ပူးပေါင်းပြီးကာကွယ်တားဆီးမှ အောင်မြင်မှာဖြစ်ပါတယ်"ဟု သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်ကပြောသည်။

မြန်မာ့သစ်တော ဖုံးလွှမ်းမှုရာခိုင်နှုန်းသည် ၁၉၉၀ ပြည့်နှစ်တွင် ၅၇ ဒသမ ၉၇ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်တွင် ၄၉ ဒသမ ၂၅ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းအသီးသီးရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသို့ တဖြည်းဖြည်းလျော့ကျလျက်ရှိသည်။ နိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော်အတွက် မီးသွေး၊ လောင်စာတောင့် ၁၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် ထင်းလောင်စာ ၆၉ ဒသမ ၂ ရာခိုင်နှုန်းတို့ကို သစ်တောကဏ္ဍမှ ထုတ်ယူသုံးစွဲမှုရှိနေကြောင်း သိရသည်။ **စာဏီ**



# မြစိမ်းရောင်စီမံကိန်းကို ကျေးရွာပေါင်း ၂၀၀၀ ကျော်၌ ထပ်မံတိုးချဲ့သွားမည်

နေပြည်တော် ဩဂုတ် ၁

မြစိမ်းရောင်စီမံကိန်းကို ကျေးရွာပေါင်း ၂၀၀၀ ကျော်၌ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ယင်းစီမံကိန်းကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး၌ ယခုဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

"ကျေးရွာရွေးချယ်တဲ့အခါမှာ ဌာနကရွေးချယ်တာမဟုတ်ဘဲ တကယ်လိုအပ်ချက်ရှိလို့ တင်ပြကြတဲ့ပြည်သူတွေကသာ ရွေးချယ်တာပါ"ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်းကပြောသည်။

အဆိုပါစီမံကိန်းကို နေပြည်တော်၌ ကျေးရွာ ၂၀၊ ကချင်ပြည်နယ်၌ ၆၃ ရွာ၊ ကယားပြည်နယ်၌ ကျေးရွာ ၂၀၊ ကရင်ပြည်နယ်၌ ကျေးရွာ ၈၀၊ ချင်းပြည်နယ်၌ ကျေးရွာ ၆၀၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ကျေးရွာ ၁၄၀၊ တနင်္သာရီတိုင်းဒေသကြီး၌ ကျေးရွာ ၃၀၊ ပဲခူးတိုင်းဒေသကြီး၌ ကျေးရွာ ၂၄၀၊ မကွေးတိုင်းဒေသကြီး၌ ၁၆၅ ရွာ၊ မန္တလေးတိုင်းဒေသကြီး၌ ၁၇၈ ရွာ၊ မွန်ပြည်နယ်၌ ကျေးရွာ ၃၀၊ ရခိုင်ပြည်နယ်၌ ၁၀၄ ရွာ၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျေးရွာ ၆၀၊ ရှမ်းပြည်နယ်၌ ကျေးရွာ ၄၂၀၊ ဧရာဝတီတိုင်းဒေသကြီး၌ ကျေးရွာ ၃၉၀ နှင့် စီမံကိန်းလုပ်ဆောင်ရန် အလွန်လိုအပ်နေသည့် ကျေးရွာ ၁၀၇ ရွာတို့၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သဲသဲ**

# မြန်မာ့ပို့ဆောင်ရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ စာတမ်းပြုစုအကြံပြုထား

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်စေရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ စာတမ်းပြုစု၍ အကြံပြုထားကြောင်း သိရသည်။

ပြည်တွင်း ပို့ဆောင်ရေးကဏ္ဍအတွက် ကာလတိုကာလလတ်နှင့် ကာလရှည်စီမံကိန်းများအပြင် ပို့ဆောင်ရေးကဏ္ဍ၏ မူဝါဒဆိုင်ရာများကိုပါ ADB မှ တာဝန်ရှိသူများက သုံးသပ်ဆွေးနွေးခဲ့ကြသည်။

"မြန်မာနိုင်ငံရဲ့အနာဂတ်က အလားအလာကောင်းတွေနဲ့ ပြည့်စုံနေတာပါ။ ဒီအချိန်က ဆင်းရဲမှုကိုတိုက်ဖျက်ဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်အရင်းအမြစ်ကို အသုံးချဖို့လည်း အဆင်သင့်ဖြစ်နေတဲ့အချိန်ပါ။ အဲဒီအထဲမှာ ခေတ်မီပြီး လုံခြုံစိတ်ချရတဲ့ ပို့ဆောင်ရေးစနစ်ကို ဖန်တီးပေးတာလည်းပါဝင်ပါတယ်" ဟု ADB မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အထက်ပါဆွေးနွေးချက်များတွင် ၂၀၃၀ ပြည့်နှစ်အထိပါဝင်ပြီး စီမံကိန်းများတွင် မီးရထားနှင့် မြစ်ကြောင်းပို့ဆောင်ရေး၊ ကျေးလက်လမ်းများ ပြုပြင်တည်ဆောက်အသုံးပြုနိုင်ရေး၊ အဝေးပြေးလမ်းမကြီးများနှင့် မြို့ပြပို့ဆောင်ရေးတို့ပါဝင်သည်။ ထို့ပြင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် လမ်းအသုံးပြုခဆိုင်ရာအကြောင်းအရာများနှင့်ပတ်သက်၍လည်း ထည့်သွင်းထားသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးမှုမှာ အာဆီယံနိုင်ငံများထဲတွင် နောက်အကျဆုံးဖြစ်နေပြီး ယခုနှစ်မှစတင်ဆောင်ရွက်ပါက ရေတိုစီမံကိန်းအဖြစ် ယာဉ်လမ်းကြောင်းဆိုင်ရာစီမံခန့်ခွဲမှုများအဆင့်မြှင့် BRT စနစ်နှင့် ကားပါကင်လိုအပ်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ **H.O**

# ငါးပိလက်ကားရောင်းချမှု ယခုနှစ်မိုးရာသီတွင် ယခင်နှစ်များထက် ထက်ဝက်ခန့်ထပ်မံကျဆင်း

ပဲခူး ဩဂုတ် ၁

ပဲခူး-ဒိုက်ဦးကားလမ်းနံဘေးရှိ တပ်ကလေးရွာမကျေးရွာရှိ ငါးပိလက်ကားထုတ်လုပ်ရောင်းချနေသည့် ငါးပိပွဲရုံများသည် နှစ်စဉ်မိုးတွင်းကာလတွင် တစ်နှစ်ထက်တစ်နှစ် အရောင်းအဝယ်အေးတော့ပြီး ရောင်းအားပိုမိုကျဆင်းလေ့ရှိရာ ယခုနှစ်မိုးရာသီတွင် ငါးပိရောင်းအားသည် ယခင်နှစ်များထက် ထက်ဝက်ခန့် ထပ်မံကျဆင်းခဲ့ကြောင်း ငါးပိလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မော်နိုင်ကပြောသည်။

အဆိုပါ တပ်ကလေးရွာမကျေးရွာရှိ ငါးပိလက်ကား ထုတ်လုပ်ရောင်းချသည့် ငါးပိပွဲရုံများသည် ပြီးခဲ့သည့် သုံးနှစ်ခန့်ကတည်းကစတင်၍ အရောင်းအဝယ်ကျဆင်းခဲ့ပြီး ငါးစင်ရိုင်းငါးပိ၊ ငါးမျိုးစုံငါးပိ၊ ငါးကျည်းငါးပိတို့ကိုထုတ်လုပ်ကာ ပဲခူးမြို့သို့ အဓိကထားတင်ပို့ရောင်းချနေရပြီး ဒိုက်ဦး၊ ညောင်လေးပင်၊ ဖြူးနှင့် တောင်ငူမြို့တို့သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

လက်ရှိတွင် လက်ကားရောင်းချနေသည့် ငါးပိဈေးနှုန်းများမှာ ပုံမှန်အားဖြင့် ငါးစင်ရိုင်းငါးပိတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၊ ငါးမျိုးစုံငါးပိတစ်ပိဿာလျှင် ငွေကျပ် ၉၀၀ မှ ၉၅၀ ဝန်းကျင်ခန့်ရောင်းချနေပြီး ဈေးနှုန်းအတက်အကျမရှိကြောင်း၊ ပဲခူးမြို့နယ်အတွင်း ရေကြီးမှုအန္တရာယ်ကိုကာကွယ်နိုင်ရန်တူးမြောင်းများတူးဖော်ရာတွင် ရေချိုဧရိယာများပါးလာမှုကြောင့် ရေချိုငါးရရှိမှုနည်းလာရာ ငါးပိလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ယခင်ကကဲ့သို့ ကုန်ကြမ်းအပြည့်အဝဖြင့် တွင်ကျယ်စွာမလုပ်ကိုင်နိုင်တော့ကြောင်း သိရသည်။

တပ်ကလေးရွာမကျေးရွာ၌ ငါးပိလုပ်ငန်းလုပ်ကိုင်နေသူများသည် ယခင်က ငါးပိကုန်ကြမ်းများကို ပဲခူးနှင့် သနပ်ပင်မြို့နယ်တို့မှ တင်သွင်းခဲ့ပြီး ယခုအခါ သနပ်ပင်ဘက်မှ ကုန်ကြမ်းမရရှိသောကြောင့် ရန်ကုန်မြို့မှ ငါးများတင်သွင်းနေရကြောင်း၊ လက်ရှိတွင် ယင်းကျေးရွာ၌ ငါးပိပွဲရုံပေါင်း ၁၂ ရုံခန့်ရှိပြီး ပွဲရုံတစ်ရုံလျှင် ပဲခူးမြို့သို့ နှစ်စဉ်ငါးပိတန်ချိန် ၃၀ ခန့် လက်ကားတင်ပို့ရောင်းချနေရကြောင်း သိရသည်။ **ဆုလာဘ်**

# ရွှေတောင်မြို့ရှိ ရေနွေးငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တာဝန်ယူတည်ဆောက်ရန် တောင်ကိုရီးယားကုမ္ပဏီ တင်ဒါအောင်မြင်

ရွှေတောင် ဩဂုတ် ၁

တောင်ကိုရီးယားနိုင်ငံအခြေစိုက်ကုမ္ပဏီကြီးတစ်ခုဖြစ်သော POSCO DAEWOO သည် ရွှေတောင်မြို့၌ တည်ဆောက်မည့် ရေနွေးငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တာဝန်ယူတည်ဆောက်ရန် တင်ဒါအောင်မြင်ခဲ့ကြောင်း တောင်ကိုရီးယားသတင်းဌာနကဖော်ပြသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက မြန်မာနိုင်ငံ၏ အမျိုးသားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကွန်ရက်တွင်ပါဝင်မည့် ရွှေတောင်မြို့၌ ရေနွေးငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်ကာ နိုင်ငံခြားကုမ္ပဏီအမြောက်အမြား တင်ဒါလျှောက်ထားခဲ့ရာတွင် POSCO DAEWOO ကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ရွှေတောင်မြို့ရှိ ရေနွေးငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို လာမည့်နှစ် ၂၀ အတွင်း လူနေအိမ်ခြေများနှင့် စက်မှုလုပ်ငန်းများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုမြှင့်တင်နိုင်ရေးအတွက်ရည်ရွယ်၍ ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၄၃)**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ဝိတ်မြန်မြန်ကျချင်ပါသလား



လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ဟာ ရှိသင့်တဲ့ ကိုယ်အလေးချိန်ထက် ၂၀ ရာခိုင်နှုန်း မြင့်တက်ခြင်းကို အဝလွန်တယ်လို့ခေါ်ပါတယ်။ BMI (ခေါ်) Body Mass Index တွက်ချက်နည်းဖြင့် အဝလွန်ခြင်းရှိ မရှိကို (BMI = ခန္ဓာကိုယ်အလေးချိန် ကီလိုဂရမ် ÷ အရပ်အမြင့်မီတာ²)နည်းဖြင့် စစ်ဆေးနိုင်ပါတယ်။ အကယ်၍ BMI အဖြေဟာ ၂၅ နှင့် ၂၉ ဒသမ ၉၀ ထွက်ရှိပါက ကိုယ်အလေးချိန်ပိုနေတာဖြစ်ပြီး BMI အဖြေဟာ ၃၀ ဖြစ်နေပါက Over Weight (ခေါ်) ကိုယ်အလေးချိန်မြင့်တက်နေပါပြီ။ အကယ်၍ BMI အဖြေဟာ ၃၀ နှင့် ၄၀ ကြားရှိနေပါက Obese (ခေါ်) အဝလွန်နေတာဖြစ်ပြီး BMI အဖြေဟာ ၄၀ နှင့်အထက်ဖြစ်နေပါက Very Obese/ Morbidly Obese (ခေါ်) အဆမတန်ဝနေပြီမို့ အသက်အန္တရာယ်အတွက် စိုးရိမ်ရပါတယ်။

အစာအိမ်ဆိုတာ ပါးစပ်မှသွင်းလာသော အရည်နှင့် အစားအစာမှန်သမျှကို ရွေးချယ်၍လည်းမရ ရှောင်ဖယ်လို့လည်း မစွမ်းတာကြောင့် ဝင်လာသမျှ ပူ၊ အေး၊ ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ် အစားအသောက်အားလုံးကို အစာအိမ်က အမှိုက်ပုံးကြီးသဖွယ် လက်ခံနေရပါတယ်။ လူနေမှုပုံစံ တိုးတက်ခေတ်မီလာသည့်အလျောက် Fast Food (ခေါ်) အသင့်စား လွယ်ကူလျင်မြန် အစားအသောက်တို့ကို လက်တစ်ကမ်းလွယ်လင့်တကူ ဝယ်ယူရရှိခြင်း၊ အထူးသဖြင့် အခြေခံနှင့်အလယ်အလတ်လူတန်းစားများမှာ အချိန်ကုန်၊ ငွေကုန်ခံပြီး Gym၊ ယောဂ၊ လေ့ကျင့်ခန်းမယူနိုင်ဘဲ စားဝတ်နေရေးအတွက် ရုန်းကန်နေရခြင်း၊ လုပ်ငန်းသဘောသဘာဝအရ အထိုင်များခြင်း၊ ဆယ်ကျော်သက်နှင့် လူလတ်ပိုင်းများမှာလည်း ကွန်ပျူတာ၊ ဂိမ်း၊ ချက်တင်တို့ဖြင့် အင်တာနက်ထိုင် အချိန်ဖြုန်းခြင်းများကြောင့် ဝိတ်တက်အဆီပိုလာကြပါတော့တယ်။ ဝလာဖို့လွယ်ကူသလောက် နဂိုအတိုင်း ကိုယ်အလေးချိန်ပုံမှန်ဖြစ်အောင် ထိန်းသိမ်းဖို့ အလွန်ခက်ခဲပါတယ်။ ဒါ့အပြင် အဝလွန်ခြင်းကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ လေဖြန်းခြင်း၊ အရိုးနှင့် အရိုးနုများ ပျက်စီးရောင်ရမ်းခြင်းတို့အပြင် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ စတဲ့နောက်ဆက်တွဲရောဂါများ ခံစားရနိုင်ပါတယ်။

**ကိုယ်လက်လှုပ်ရှားမှုလုပ်ပါ**

( ၁ ) ကိုယ်လက်လှုပ်ရှားအားကစားလုပ်ခြင်းက ကြွက်သားများ ကျစ်လျစ်၍ ဝိတ်ကျစေတဲ့အပြင် နှလုံးနှင့်အဆုတ်ကို အားကောင်းစေခြင်း၊ အရိုးသန်မာစေခြင်း၊ စိတ်ဖိစီးမှုလျော့ကျပြီး နှစ်ခြိုက်စွာအိပ်မောကျစေခြင်း၊ မိသားစုမိတ်ဆွေသူငယ်ချင်းများဖြင့် အတူတူလေ့ကျင့်ခန်းကစားခြင်းကလည်း စည်းလုံးညီညွတ်မှုကို တိုးပွားလာစေပါတယ်။

( ၂ ) တကူးတကလေ့ကျင့်ခန်းယူဖို့ အချိန်မပေးနိုင်သူများအနေဖြင့် နိစ္စဓူဝပုံမှန်လှုပ်ရှားမှုများကို လေ့ကျင့်ခန်းဆန်ဆန် ခပ်သွက်သွက်လမ်းလျှောက်ခြင်း၊ လိုရာခရီးမရောက်မီ ဘတ်စ်ကားသုံးမှတ်တိုင်ခန့်ကြိုဆင်းပြီး လမ်းလျှောက်ခြင်း၊ ဓာတ်လှေကားစက်လှေကားများမသုံးဘဲ ခြေထောက်ဖြင့် အတက်အဆင်းပြုလုပ်ခြင်း၊ အထိုင်လျှော့ခြင်း၊ ဖြစ်နိုင်လျှင် မတ်တတ်ရပ်၍ အလုပ်လုပ်ခြင်း၊ ယုတ်စွအဆုံး မတ်တတ်ရပ်၍ တယ်လီဖုန်းပြောခြင်းစသည်ဖြင့် ပုံစံပြောင်းကြည့်လိုက်ပါ။

**ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်ပါ**

( ၁ ) တစ်ထိုင်တည်း အဝစားခြင်းထက် နည်းနည်းစီခွဲ၍ ဗိုက်ပြည့်ရုံသာ မကြာခဏစားပါ။ အစာကို ကြေညက်အောင် ဝါးစားပါ။ ထို့ပြင် နှမြောစာ၊ အားနာစာ၊ မသဒ္ဒါရေစာတို့ကို ရှောင်ပါ။

( ၂ ) ရေများများသောက်ပါ။

( ၃ ) အစိမ်းရောင်ဟင်းသီးဟင်းရွက်များနှင့် အရည်ရွှမ်းသောအော်ဂဲနစ်သစ်သီးများစားပါ။

( ၄ ) အဆီထုတ်ထားသော နွားနို့၊ ဒိန်ချဉ်၊ ပရိုတင်းပါသော အနီရောင်အသား၊ အဆီများသောငါး၊ အရေခွံမပါသော ကြက်သား၊ ပဲအမျိုးမျိုး၊ နှံထွက်အစားအစာများဖြစ်ကြတဲ့ ဂျုံပေါင်မုန့်၊ ဆန်လုံးညိုတို့ကို စားပါ။

( ၅ ) အချိုမပါသော လက်ဖက်ရည်နှင့် နို့ကရင်မ်မပါသော ကော်ဖီသောက်ပါ။

( ၆ ) စပျစ်ဝိုင်အနီရောင် တစ်နေ့တစ်ခွက်ပုံမှန်သောက်သုံးခြင်း သို့မဟုတ် အရောင်ရင့်ရင့်စပျစ်သီးများကို အစေ့အခွံများပါ ဝါးစားခြင်းကလည်း နှစ်ခြိုက်စွာ အိပ်ပျော်စေပြီး အဆီကျစေပါတယ်။

( ၇ ) ကွေကာအုပ်အကြမ်းက ကိုလက်စထရောပမာဏကို ထိန်းညှိပေးတဲ့အပြင် အမျှင်ဓာတ်များပြီး အဆာပြေစေလို့ ပြည့်စွက်စာအဖြစ် စားပေးနိုင်ပါတယ်။

( ၈ ) နည်းနည်းလေးစားရုံဖြင့် ပရိုတင်းများများရနိုင်တဲ့ ကြက်ဥက ခန္ဓာကိုယ်ကြွက်သားများကို ကျစ်လျစ်စေပါတယ်။

( ၉ ) အစိမ်းရောင် ငရုတ်ချိုသီးပွများက ခန္ဓာကိုယ်ဆဲလ်များ ဖွံ့ဖြိုးကြီးထွားစေပြီး ကယ်လိုရီများကို လျင်မြန်စွာလောင်ကျွမ်းစေလို့ ကိုယ်ရေစစ်သွားစေပါတယ်။

(၁၀) အနက်ရောင်ချောကလက်များက အဆီများကို လောင်မြိုက်၍ သွေးထဲရှိ ကိုလက်စထရောကို ချပေးပါတယ်။

**ရှောင်ရန် အစားအစာများကို လိုက်နာပါ**

( ၁ ) ပြည့်ဝဆီ တိုက်ရိုက်ပါရှိတဲ့ ကြက်၊ ဘဲ အရေခွံများနှင့် ခြေလေးချောင်းသား အဆီများ၊ ဝက်အူချောင်း၊ စည်သွတ်ဘူး၊ ဟော့ဒေါ့၊ အသားလုံး စသည်ဖြင့် ပြုပြင်ထားသော အရန်သင့် အစားအစာများ၊ အုန်းနို့ စားအုန်းဆီများ၊ ထိုအဆီတို့ဖြင့် ချက်ပြုတ်ထားသော ဟင်းလျာများနှင့် ဒိုးနတ်သွားရေစာတို့ကို ရှောင်နိုင်လေကောင်းလေပါပဲ။

( ၂ ) Margarinese (ခေါ်) ထောပတ်တုများ၊ ကရက်ကာ၊ ကွတ်ကီး၊ ပေါင်မုန့်စသည့် မုန့်ဖုတ်သွားရေစာများ၊ အာလူးအကြွပ်ကြော်၊ ကြက်ကြော်အပါအဝင် ဆီကြော်မုန့်အမျိုးမျိုးတို့ကလည်း ပြည့်ဝဆီသွယ်ဝိုက်သောနည်းဖြင့် ပါရှိတဲ့အတွက် အလွန်အကျွံမစားသင့်ပေ။

( ၃ ) ကိုလက်စထရောတက်စေတဲ့ ကြက်ဥ၊ ဘဲဥအနှစ်၊ ကြက်၊ ဘဲ၊ ဝက်၊ အမဲစသည့် တိရစ္ဆာန်ကလီစာများ၊ အဆီမထုတ်ထားတဲ့ နွားနို့နဲ့ အဆီမလိုင်ပြည့် နို့ထွက်ပစ္စည်းများဖြစ်ကြသော ထောပတ်၊ ခရင်မ်၊ ချိစ်(ခေါ်) ဒိန်ခဲများ စားသုံးမှုရှောင်ကြဉ်ကြပါ။

( ၄ ) သံလွင်ဆီက နှလုံးကို အားကောင်းစေသလို ကျန်းမာရေးအတွက် ဘက်စုံကောင်းမွန်ပါသော်လည်း ကယ်လိုရီများစေတတ်လို့ များများမစားသင့်ပါဘူး။

( ၅ ) သစ်ကြားသီး၊ သစ်အယ်သီးများက ဦးနှောက်အားကောင်းစေပေမယ့် အလွန်အကျွံစားရင် ကယ်လိုရီမြင့်တက်စေပါတယ်။

( ၆ ) ထောပတ်ဖြင့် လှော်ထားတဲ့ ပြောင်းဖူးပေါက်ပေါက်များကိုလည်း သင့်တင့်ရုံလောက်စားပေးပါ။

**အိမ်တွင်းကုထုံးလေးများကို အားကိုးပါ**

( ၁ ) လက်ဖက်စိမ်းက ကိုယ်အလေးချိန်ကျစေတဲ့ အကောင်းဆုံးဆေးမြီးတိုတစ်ခုပါ။ လက်ဖက်စိမ်း ရေနွေးကြမ်း တစ်နေ့ နှစ်ခွက်သောက်ပေးခြင်းဖြင့် အကျိုးထူးကို ခံစားရပါလိမ့်မယ်။

( ၂ ) သက်တမ်းတစ်နှစ်ရှိတဲ့ သဘာဝပျားရည်စစ်စစ်က ကိုယ်အလေးချိန်နှင့် အဆီပိုများကျစေတဲ့အကောင်းဆုံးဆေးတစ်ခွက်ဖြစ်လို့ နံနက်စောစောတွင် ပျားရည်ကို ရေခပ်နွေးနွေးဖြင့် သောက်ပါ။

( ၃ ) ဂေါ်ဖီထုပ်ကလည်း ဝိတ်ကျစေတဲ့ အကောင်းဆုံးဟင်းသီးဟင်းရွက်လေးဖြစ်လို့ မကြာခဏ ဟင်းချိုချက်သောက်ပါ။

( ၄ ) နံနက်စောစော ခရမ်းချဉ်သီးအလုံးလိုက်ဝါးစားခြင်းက သုံးလတာအတွင်း ပိုလျှံသောအဆီများကို လောင်ကျွမ်း၍ သိသိသာသာဝိတ်ကျစေပါတယ်။

( ၅ ) ဟင်းမွှေးရွက် ၁၀ ရွက်ခန့်ကို လေးလကြာ နေ့စဉ်ရက်ဆက် စားပေးခြင်းဖြင့် အကျိုးထူးခံစားရပါလိမ့်မယ်။

( ၆ ) သံပရာရည်၊ ငရုတ်ကောင်းမှုန့်၊ ပျားရည်တို့ဖြင့် ရောစပ်ထားတဲ့ဖျော်ရည်ကို တစ်နေ့တစ်ခွက်နှုန်းဖြင့် လေးလခန့်ကြာအောင် သောက်ပေးပါ။

( ၇ ) ဂျင်းနှင့်သံပရာသီးစိတ်ထည့်၍ ပြုတ်သောက်ခြင်းက အဆီပိုများကျစေတဲ့အပြင် မကြာခဏအစာစားချင်စိတ်ကို ချိုးနှိမ်ပေးပါတယ်။

( ၈ ) ပူဒီနာရွက်နှင့် မုန်လာဥနီတို့က အဆီကျစေလို့ မကြာခဏစားပေးပါ။

( ၉ ) အဆီပိုများ လျင်မြန်စွာကျစေရန် ရေနွေးဆူဆူခွက်ထဲသို့ သံပရာသီးကို ထက်ခြမ်းခြမ်း အရည်ညှစ်ပြီး အခွံပါရောထည့်၍ သောက်ပါ။

(၁၀) အဆီကျ၍ ကိုယ်အချိုးအစားကျစ်လျစ်စေရန်အတွက် ဂျုံမြက်ဖျော်ရည်ကလည်း အားကိုးလောက်ပါတယ်။ (အသင့်သောက် ဂျုံမြက် (ခေါ်) Wheat Grass ဖျော်ရည်ဘူးများကို City Mart ဆိုင်တွေမှာ ဝယ်ယူရရှိနိုင်ပါတယ်)။ ။

ပေါက်ပေါက်

# မြစ်ကြီးနားမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဖုံး သွန် လဲ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

မြစ်ကြီးနား ဩဂုတ် ၁

မိုးရာသီတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့ပေါ် ရပ်ကွက်များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းကာ နေအိမ်များရှိ ရေအိုး၊ ရေစည်၊ ရေခွက်များ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီတွင် သီတာရပ်ကွက်အတွင်းရှိ နေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ဦးက "ကျွန်တော့် ရပ်ကွက်အတွင်းမှာ နယ်မြေ ၁၁ ခုနဲ့ အိမ်ခြေ ၃၀၀ ကျော်မှာ အိမ်ထောင်စု ၃၀၀ ကျော်ရှိပါတယ်။ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းတွေကို လစဉ်ဆောင်ရွက်လျက်ရှိရာမှာ သွေးလွန်တုပ်ကွေးရောဂါအန္တရာယ် ကြောက်မက်ဖွယ်ကောင်းပုံကို ကျန်းမာရေးဌာန ဆရာဝန်တွေက အသိပညာပေးဆွေးနွေးပြောကြားပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေမှာ ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ စည်းရုံးခဲ့ပါတယ်။ ဒီနေ့မှာတော့ ရပ်ကွက်အတွင်းရှိ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမကြီးနဲ့ သင်တန်းသား၊ သင်တန်းသူများ၊ ဒေသခံပြည်သူများပူးပေါင်းပြီး တစ်အိမ်တက်ဆင်းပညာပေးဟောပြောခြင်း၊ နေအိမ်တွေမှာရှိတဲ့ ဘူးခွံ၊ ပုံးခွံစွန့်ပစ်ပစ္စည်းများအတွင်း ရေဝင်ရောက်မှုမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ရေတွင်း၊ ရေကန်များတွင်လည်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

(၄၀၃)



www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# စီးဆင်းရစ်လေဦး ･ ･ ･ ရောဝတီ (ပထမပိုင်း)

ထီလာစစ်သူ

လူငယ်ဟူသည်မနက်ဖြန်အတွက် အကောင်းဆုံးတွေးကာ အကောင်း အိပ်မက်များမက်တတ်သူများတည်း။ တက်ကြွသောစိတ်၊ စွန့်စားလိုသောစိတ်၊ လုပ်ချင်ကိုင်ချင်သောစိတ်များဖြင့် ပြည့်နှက်လျက်ရှိနေကြသဖြင့် လမ်းလျှောက်ရာတွင်ပင် ကိုယ်လက်တို့သည်ပေါ့ပါး၍ နေသည်ဟု ထင်မိကြ･････

## အခန်းဆက်ဖော်ပြချက်

ကရင်များက ဖမ်းဆီးသွားပြီဆိုလျှင် မလာလမ်းသို့မြန်း ရပြီဟုသာ မြို့သူမြို့သားများမှာ မှတ်ယူထားလိုက်ရသောအခြေသို့ တိုင်လာပြီဖြစ်၏။ လူငယ်များ၏ လုံခြုံမှုအခြေအနေက ဆိုးရွားလာကြောင်းကို ကိုမူက တင်ပြလာသည်။

" တို့တစ်တွေတော့ ဒီလိုကြာကြာနေရင် ကရင်ဆွဲသွားလိမ့်မယ်၊ မြန်မြန်မြို့ကခွာမှဖြစ်တော့မယ်"

" အေးလေ… ငါလည်း ဒါစဉ်းစားနေတာပဲ၊ အခု ဒီလက်နက်တွေ ဘယ်လိုလုပ်ယူမလဲဆိုတဲ့ နည်းလမ်းကရမှမရသေးဘဲ"

ကိုစိုးတင့်သည် လှိုင်းဂယက်ပြေးနေသော ကန်ရေပြင်ကိုကြည့်ရင်း ပြန်ပြောလိုက်သည်။

" ဒါဖြင့် ညွန့်မောင်ကြီး အခု လက်နက်တွေကအားလုံး ဘယ်လောက်ရပြီလဲ၊ အဲ့ဒါလည်း ငါသိချင်တယ်"

ကိုမူသည် ကျောင်းသားရဲခေါင်းတပ်စုမှူး ကိုညွန့်မောင်ကို လှည့်မေးလိုက်သည်။

" ငါ့ဆီမှာ အခု အင်္ဂလိပ်ရိုင်ဖယ်က ၁၅ လက်၊ လက်ပစ်ဗုံးက ၁၀ လုံး၊ ကျည်ဆန်က ၅၀၃ တောင့်ရှိတယ်၊ မြို့ပေါ်က လှည်းနဲ့ထုတ်လို့လည်း မရဘူး၊ ကားနဲ့တင်လို့လည်း မရဘူးကွာ၊ လက်ချည်းသက်သက်နဲ့တော့ မြို့ပေါ်ကထွက်မသွားချင်ဘူး၊ တောထဲမှာတော့ ပြည်သူ့ရဲဘော်ဗိုလ်လှဖေတို့လည်း ရှိနေကြတယ်၊ ငါတို့တောထဲကျရင် သူတို့နဲ့ပေါင်းနေရမှာပဲ၊ လက်နက်တော့ အနည်းအကျဉ်း ထပ်ရမယ်ထင်တယ်"

"တောထဲကြရင် အပြောအဆို အနေအထိုင်ကအစ သတိဝီရိယရှိမှ တော်ရုံကြလိမ့်မယ်၊ ဟိုမှာလည်း ပါတီတွေက ရှုပ်ထွေးနေတယ်လို့ကြားတယ်၊ တို့ရည်ရွယ်ချက်ကတော့ ကရင်ကိုတိုက်ဖို့ပဲ၊ နယ်ချဲ့ကိုခေါ်မယ့်လူဆိုရင်တော့ ဘယ်သူ့ကိုမဆို တိုက်ရမယ်မဟုတ်လား"

အောင်စည်ဟိန်းသည် လက်နက်သယ်ယူရေးအကြောင်းဆွေးနွေးရင်း တောတွင်းနေထိုင်မှုများပါ အကျုံးဝင်လာသဖြင့် ရင်ဆိုင်ရမည့် ပြဿနာများကို ပြောလိုက်သည်။

"ဟုတ်တယ်ကွ၊ တောထဲမှာ လွယ်တော့မလွယ်ဘူး၊ ဒါပေမဲ့ ဟိုပါတီတွေမှာလည်း တို့မြို့ကလူဟောင်းတွေရှိနေသေးတာပဲ၊ ကဲပါကွာ… လက်နက် ဘယ်လိုထုတ်ယူမယ်ဆိုတာ စဉ်းစားပါဦး"

ဝင်းမောင်သည် မူလ လက်နက်ထုတ်ယူရေးပြဿနာကို ပြန်လည်ဦးတည်ပေးလိုက်သည်။ ထိုအချိန်အထိ ညွန့်ရှိန်ကား ဘာမျှမပြောသေး၊ ချေပြင်ကို ငေးကြည့်လျက်ရှိသည်။ ညွန့်ရှိန်သည် သူတို့လူစုတွင် လူပုဖြစ်သည်။ ဒါပေမဲ့ အခက်အခဲကြုံနေပြီလျှင် အကြံကောင်းကောင်း ထုတ်တတ်သူလည်းဖြစ်သည်။

ဟေ့… ဟေ့… ငါသတိရပြီ တို့ ဒီလက်နက်တွေကို ညမှာလှေနဲ့ထုတ်ရင် ရတာပေါ့ကွ၊ ဘယ်ကရင်မှ မစစ်နိုင်ဘူး၊ တကယ်လို့ စစ်ရင်လည်း ရေထဲချပစ်ပြီးမှ ကမ်းကပ်ပေးလိုက်တာပေါ့ကွ၊ မင်းတို့ကလည်း ရေထဲချ ဖျောက်ရတာလောက်လွယ်တာ ဘယ်မှာရှိမလဲ"

သူသည် ရေထဲသို့ ခဲလေးတစ်လုံးပစ်ချလိုက်ရင်း သူရသောအကြံကို ထုတ်ပြောလိုက်သည်။ စည်၏မျက်နှာပြင်ကဲ့သို့ ညီနေသောရေပြင်သည် လှိုင်းဂယက်ထသွားသည်။ ရေလည်ဘုရားမှ မီးရောင်အောက်တွင် လှပစွာ ရေလှိုင်းစက်ဝိုင်းများ ဖြစ်ပေါ်လာလေသည်။

"အေး… ဟုတ်တယ်ဟေ့၊ ညွန့်ရှိန် အကြံကောင်းတယ်၊ တစ်ခုတော့ရှိတယ် ငါတို့ကွန့်ပစ်တတ်ရမယ်၊ ဟန်ဆောင်ဆိုပေမယ်လို့ တကယ့်တံငါနဲ့တူမှကွ၊ တံငါယောင်ဆောင်ပြီး လုပ်ရအောင်ကွာ"

သူတို့အားလုံးသည် ဝမ်းမြောက်ဝမ်းသာစွာ ပြုံးလိုက်ကြရင်း ကန်ပေါင်မှ အိမ်ဆီသို့ပြန်လာကြသည်။ နှုတ်၌ စိတ်အားထက်သန်သော လူငယ်များ၏ရင်ထဲဝယ် ရှင်းလင်းသွားသဖြင့် ပျော်ရွှင်နေကြသည်။ လူငယ်ဟူသည် မနက်ဖြန်အတွက် အကောင်းဆုံးတွေးကာ အကောင်း အိပ်မက်များမက်တတ်သူများတည်း။ တက်ကြွသောစိတ်၊ စွန့်စားလိုသောစိတ်၊ လုပ်ချင်ကိုင်ချင်သောစိတ်များဖြင့် ပြည့်နှက်လျက်ရှိနေကြသဖြင့် လမ်းလျှောက်ရာတွင်ပင် ကိုယ်လက်တို့သည်ပေါ့ပါး၍ နေသည်ဟု ထင်မိကြသည်။

နောက်တစ်နေ့ ကန်စပ်တွင် တံငါသည်ဦးမြထံ၌ တံငါသင်တန်း ဆင်းကြသည်။ကွန်ပစ်နည်း၊ ကွန်ဆွဲနည်း၊ လှေပေါ်ရောက်သောအခါ ကွန်ထဲမှ ငါးထုတ်နည်းကို ဂရုတစိုက်သင်ကြရသည်။ နေ့တစ်နေ့လုံး အလုည့်ကျကွန်ပစ်ခြင်းအလုပ် လုပ်နေကြသည်။ ညနေမိုးချုပ်၍ မှောင်မှ ပင်ပြန်လာကြသည်။ လမ်းတွင် ကိုမူက ညွန့်မောင်ကို ခေါ်၍….

" ဟေ့… တို့ တံငါလေ့ သုံးစင်းလောက်ရမှကောင်းမယ်ထင်တယ်၊ နှစ်စင်းတော့ နည်းမယ်ထင်တယ်"

"အေး… မင်းနဲ့ ကိုစိုးတင့်က တစ်စင်း၊ ညွန့်ရှိန်နဲ့ အောင်စည်ဟိန်းက တစ်စင်း၊ ဝင်းမောင်နဲ့ငါက တစ်စင်း သယ်တာပေါ့ကွာ ဦးမြကို ပိုက်ဆံပေးထားလိုက်ရင် ပြီးတာပါပဲ၊ တစ်ခုရှိတယ် လူးခင်းကြီးဘက်ကို တို့ထုတ်တော့ ဟိုဘက်က လှည်းနဲ့သယ်ဖို့ အစီအစဉ်လုပ်ရဦးမယ်"

"လှည်းယူလာဖို့တော့ တင်ကို့ကို တာဝန်ပေးပေါ့ကွာ၊ဒါမှမဟုတ်ရင်လည်း တို့ကျောင်းသားတပ်စုက လူခြောက်ယောက်လောက် လာစောင့်နေပြီး မှုသယ်ရင်ရပါတယ်၊ သယ်ဖို့ညကတော့ မနက်ဖြန်ညလောက်စောင့်ဦးမှဖြစ်မယ် ထင်တယ်၊ လ က မသာတဲ့ညမှ ကောင်းမှာ"

ကိုမူသည် မြို့ဆီသို့ ငေးမျှော်ကြည့်ရင်း ပြောလိုက်သည်။သူတို့သည် တစ်စုနှင့်တစ်စု အတော်ကွာမှ လိုက်လာကြသည်။ စုပြုံ၍ မသွားကြ။ အိမ်သို့ဝင်သောလမ်းကိုလည်း အရှေ့လမ်း၊ အနောက်လမ်း လမ်းခွဲ၍ဝင်ကြသည်။ အိမ်ရောက်သောအခါ မိမိတို့ယူမည့် နိုင်ငံရေးစာအုပ်များ၊ ဝတ္ထုများ၊ မဂ္ဂဇင်းများကို သီးသန့်ထုပ်ပိုးကြသည်။ ကျောင်းစာအုပ်များကိုမူ သပ်သပ်ရပ်ရပ် သေတ္တာထဲထည့်ပြီး ပိတ်ထားကြသည်။ တောထဲတွင် ဝတ်ရမည့် အဝတ်အစားတချို့ကို လွယ်အိတ်ထဲထည့်ထားကြသည်။ ပြီးလျှင် ညစာစားကြသည်။ တစ်နေ့လုံး နေပူထဲတွင် ပင်ပန်းလာကြသဖြင့် အိပ်ရာပေါ်လှဲလိုက်ကြလျှင်ပင် စကားမပြောနိုင်ကြတော့ဘဲ အိပ်ပျော်သွားကြရှာသည်။

ဆက်လက်ဖော်ပြပါမည်။

# ကျေးရွာတွင်းသွား ကျောက်ချောလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ဒီးမော့ဆို ဩဂုတ် ၁

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် သေးဆူလဲကျေးရွာအုပ်စု ကုန်းသာကျေးရွာ၌ ယနေ့ နံနက် ၉ နာရီတွင် ကျေးရွာတွင်းသွားကျောက်ချောလမ်းသစ်ဖွင့်ပွဲ ကျင်းပကြောင်း သိရသည်။

ကျောက်ချောလမ်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဦးဆော်ရယ်က လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောက်ချောလမ်းသစ်အတွက် ပါဝင်လှူဒါန်းကြသော ကျေးရွာနေပြည်သူများအားတာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။



ဆက်လက်၍ ကျေးရွာတွင်းသွား ကျောက်ချောလမ်းသစ်ကို ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်း၊ စီမံကိန်းတာဝန်ခံ ဦးဆော်ရယ်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင် ဒေါ်ငွေငွေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါကျေးရွာတွင်းသွား ကျောက်ချောလမ်းကို စီမံကိန်းထောက်ပံ့ငွေကျပ် ၉၆ သိန်း၊ ကျေးရွာမှ ထည့်ဝင်ငွေကျပ် ၃၅၄၇၀၀၀ စုစုပေါင်းကုန်ကျငွေကျပ် ၁၃၁၄၇၀၀၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းအရှည်ပေ ၁၉၀၀၊ အကျယ် ၁၂ ပေရှိကြောင်း သိရသည်။

ရီရယ်

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၁၆)ဖွင့်လှစ်

မြစ်ကြီးနား ဩဂုတ် ၁

ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှူးကြီးမှူး၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသင်တန်းအမှတ်စဉ် (၁/၂၀၁၆)သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဩဂုတ် ၁ ရက်မှ ၁၂ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သမိုင်းကြောင်းနှင့် ဆက်စပ်နေသော ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆန်းစစ်ခြင်းနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြဿနာများ၊ သစ်တောကဏ္ဍ၊ သတ္တုတူးဖော်မှုကဏ္ဍနှင့် ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး စသည့်ဘာသာရပ်များကို ပြည်နယ်ညွှန်ကြားရေးမှူးနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များက ဆွေးနွေးသင်ကြားလျက်ရှိကြောင်း သိရသည်။

(၄၀၃)

# မြန်အောင်မြို့ အမှတ်(၅)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်

မြန်အောင် ဩဂုတ် ၁

မြန်အောင်မြို့ အမှတ်(၅)ရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အတွက် ယမန်နေ့က လူထုလှုပ်ရှားမှုအနေဖြင့် ပိုးလောက်လမ်းနှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ကျန်းမာရေးဟောပြောပွဲကို စုပေါင်းဆောင်ရွက်ကြသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှုအနေဖြင့် ကျန်းမာရေးဟောပြောပွဲကို အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာမောင်မောင်ချစ်နှင့်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့်အဖွဲ့များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်အောင်မြို့ပေါ်ရှိ ရပ်ကွက်ခြောက်ခုမှ အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၇၅ ဦးတို့က အမှတ်(၅)ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၃၀၄ လုံး၊ လူဦးရေ ၁၉၀၅ ဦးတို့ အသုံးပြုလျက်ရှိသော ရေကန်၊ စဉ့်အိုး၊ စည်ပိုင်းများနှင့် အိုးခွက်များကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းများကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **ဝင်းစိုးလိ**

www.facebook.com/themyawadydaily

# ခေါင်းတုံးတုံးပြီး သီလရှင်ဇာတ်ကားရိုက်ချင်တဲ့ နဒီဝင့်နိုင်

**သရုပ်ဆောင်နဒီဝင့်နိုင်နှင့်တွေ့ဆုံခိုက် သူမ၏အနုပညာလှုပ်ရှားမှုအပြင် လက်ရှိအနုပညာလောကအပေါ်အမြင်ကို မေးမြန်းဖြစ်ခဲ့ပါသည်။**



**လက်တလော အနုပညာလှုပ်ရှားမှုတွေအနေနဲ့ ဘာတွေလုပ်ဖြစ်နေလဲ။**

သကြင်္န်ပြီးကတည်းက ဇာတ်ကားတွေဆက်တိုက်ရိုက်ဖြစ်နေပါတယ်။ နားတာတစ်ပတ်လောက်ပဲရှိပါသေးတယ်။

**ကိုယ်က ပရိသတ်တွေအားပေးချစ်ခင်ပြီးသား သရုပ်ဆောင်တစ်ယောက်ဖြစ်တဲ့အတွက် ဂျူနီယာသရုပ်ဆောင်တွေနဲ့ အလုပ်တွဲလုပ်ရတဲ့အခါ သူတို့ကိုရော ဘယ်လိုလက်တွဲခေါ်ဖြစ်သလဲ။**

နဒီတို့တုန်းက VCD က ထွက်နှုန်းကောင်းလို့ နဒီဝင့်နိုင်ဆိုတာကို ပရိသတ်တွေရင်းနှီးခဲ့တာပါ။ အခုချိန်နဲ့တော့ လုံးဝကွာခြားသွားပါပြီ။ ကိုယ်တွေတုန်းက အောက်ခြေကနေစတက်လာရတာဆိုတော့ ကိုယ့်ထက်အသက်ငယ်ပေမယ့် ဝါရှိတဲ့သူဆိုရင် ရိုရိုကျိုးကျိုးနဲ့ အမြဲတမ်းနှုတ်ဆက်တယ်။ ဒီခေတ်မှာ ကွာသွားပြီဆိုတာက ဘာတွေပြိုင်လာကြလဲဆိုတော့ သရုပ်ဆောင်တာထက် သူဘာကားစီးတယ်၊ ငါဘယ်လိုဖုန်းကိုင်တယ်ဆိုတဲ့ပုံစံနဲ့ တစ်ယောက်နဲ့တစ်ယောက်ပြိုင်နေကြတယ်။ အဲဒီလိုမနေစေချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အနုပညာလောကထဲမှာ အားလုံးက ပြည့်စုံချင်မှ ပြည့်စုံကြမှာမို့ပါ။ ဒါကြောင့် မိသားစုလို၊ မောင်နှမတွေလို သိုက်သိုက်ဝန်းဝန်းလေးနဲ့ ဇာတ်ကားရိုက်ရရင် ပျော်စရာကောင်းမှာပါ။ အဲဒီတော့ ကိုယ်တွေတုန်းကအချိန်ကို ပြန်တွေးမိတယ်။ ငါတို့လည်း တစ်ချိန်တုန်းက ဘယ်လိုကြိုးစားခဲ့ရတယ်၊ တချို့တွေက သင်ပေးတယ်၊ တချို့တွေကလည်း မသင်ပေးချင်ကြဘူးဆိုတာ သိလာရတယ်။ ကိုယ်လည်းခံခဲ့ရတော့ သိပါတယ်။ ငါ့အလှည့်ကျရင်တော့ ဒီလိုမဖြစ်စေရဘူးဆိုတာ တွေးမိပါတယ်။

**နဒီဝင့်နိုင်ဆိုတာ တစ်ချိန်က ဗီဒီယိုဇာတ်ကားတွေနဲ့ ပရိသတ်ရဲ့အားပေးမှုကိုရရှိလာတာကြောင့် အခုချိန်မှာ ပြောင်းလဲလာတဲ့ဗီဒီယိုလောကအပေါ် အမြင်လေးပြောပြပေးပါဦး။**

ညီမ ပခုက္ကူ၊ ရေနံချောင်းနဲ့ ချောက်ဘက်တွေကို အခွေ Promotion ဆင်းရင်း ကိုယ်စားလှယ်တွေနဲ့ဆုံဖူးတယ်။ တချို့ကျတော့ သူတို့အဆင်မပြေတဲ့အပိုင်းလေးတွေပြောပြတယ်။ ကိုယ်တိုင်သွားမှ သိရတာပါ။ အဲဒီမှာ စိုးရိမ်စိတ်က ဘာဖြစ်သွားလဲဆိုတော့ ငါတို့ဗီဒီယိုလောက ပျောက်ပျက်သွားတော့မှာလားဆိုတဲ့စိတ်က ဝင်လာတယ်။ ဘာလို့လဲဆိုတော့ အနုပညာရှင်တွေလည်းအများကြီးရှိကြတယ်။ အဲဒီမှာ ညီမတို့ အခွေ Promotion ဆင်းရင်းနဲ့ တို့ရှင်းလတ်ဇာတ်ကားကကြော်ငြာအားလည်းကောင်းသွားတယ်။ တချို့နေရာတွေမှာဆိုရင် လုံးဝကို အခြေအနေမကောင်းတဲ့ မြို့တွေရှိတယ်။ အဲဒီဘက်ကိုသွားပြီးတော့ အခွေ Promotion ဆင်းရတယ်။ နှစ်ရက်၊ သုံးရက်သွားဖူးတယ်။ ကိုယ်လည်းတစ်ခါမှ ဒီလိုမလုပ်ဖူးပေမယ့် တကယ်တမ်းသွားရတဲ့အခါကျတော့ စိုးရိမ်စိတ်ဝင်လာတယ်။ ဒီအနုပညာလောကကို ပိုပြီးတော့ စည်းလုံးစေချင်တယ်။ အောင်မြင်လာစေချင်တယ်။ ဒီထက်လည်း ပိုကောင်းလာစေချင်တယ်။ အခုလည်း မကောင်းတာမဟုတ်ပါဘူး။ နယ်ဈေးကွက်တွေက ပျောက်လုနီးပါးဖြစ်နေတဲ့အချိန်မှာ ပြန်ပြီးထိုးဖောက်စေချင်တာပါ။ မြို့ကြီးတွေမှာက တီဗွီမှာလွှင့်တဲ့ဇာတ်လမ်းတွေကိုကြည့်လို့ရပေမယ့် နယ်တွေမှာ ဗီဒီယိုဇာတ်ကားတွေကိုပဲအားပေးရတာဆိုတော့ ဈေးကွက်ပြန်လည်ထိုးဖောက်စေချင်ပါတယ်။

**သရုပ်ဆောင်နဲ့ပတ်သက်လို့ရော ထူးထူးခြားခြားဇာတ်ရှပ်ပုံစံတွေ မြင်ရဖို့ရှိပါသလား။**

ထူးထူးခြားခြားအနေနဲ့ကတော့ အခုစိတ်ထဲမှာဖြစ်ပေါ်နေတာက ခေါင်းတုံးတုံးပြီး သီလရှင်ဇာတ်ကားရိုက်ချင်နေတယ်။ ပရိသတ်တွေက ဘယ်လိုပြောမလဲတော့ မသိဘူး။ ဆံပင်နည်းနည်းလေးညှပ်လိုက်တာတောင်မှ ပြောနေကြတယ်။ ခေါင်းတုံးသာတုံးလိုက်ရင်တော့ ဘာပြောကြမလဲမသိဘူး။

**သီလရှင်ဇာတ်ရှပ်ရိုက်ချင်နေတာဆိုတော့ ဘာသာရေးနဲ့ပတ်သက်လို့ ဘာတွေလုပ်ဖြစ်နေသလဲ။**

အဓိဋ္ဌာန်တွေဝင်ဖြစ်တယ်။ ယောဂီဝတ်ဖို့ရှိတယ်။ လှိုင်သာယာ သစ်တံခါးကျောင်းမှာ ဝတ်မှာပါ။

**အနုပညာရှင်တစ်ယောက်အနေနဲ့ ဘာသာရေးလုပ်ခြင်းအားဖြင့် ဘယ်လိုအကျိုးတွေရပါသလဲ။**

တခြား အပြင်လူတွေရော ညီမတို့အနုပညာရှင်တွေပါ ဘာသာရေးလုပ်ကြတယ်။ အဲဒီအတွက် ကိုယ်ကတော့ ရတနာသုံးပါးကိုစိတ်ထဲမှာရှိတယ်။ သေသေချာချာယုံယုံကြည်ကြည်နဲ့လုပ်တဲ့အတွက်၊ ကိုယ့်ဘက်က ပရိသတ်တွေအပေါ် မေတ္တာထားတဲ့အတွက် ဘာသာရေးအလုပ်ဆိုတာကလည်း အနုပညာအလုပ်အတွက် အထောက်အပံ့ဖြစ်စေတယ်လို့ထင်ပါတယ်။

**အားပေးနေမယ့်ပရိသတ်တွေအတွက် စကားလက်ဆောင်လေးပြောပေးပါဦး။**

ပရိသတ်တွေပြောတဲ့အတိုင်း ဆံပင်အရှည်လည်းထားတယ်။ အနက်ရောင်လည်း ထားပါတယ်။ တကယ်လို့သီလရှင်ဝတ်ဖြစ်ခဲ့ရင်လည်း ပရိသတ်တွေက နားလည်ပေးစေချင်ပါတယ်။

**အေးမြတ်မိုး**



# ဂီတဖျော်ဖြေပွဲမှရရှိသည့်အမြတ်ငွေအားလုံးကို I .O .I အဖွဲ့က UNICEF သို့လှူဒါန်း

ဆိုးလ် ဩဂုတ် ၁

I .O .I အဆိုအဖွဲ့သည် ပရိသတ်အား ကတိပေးထားသည့်အတိုင်း ဖျော်ဖြေပွဲမှရရှိသည့် အမြတ်ငွေအားလုံးကို ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) သို့ လှူဒါန်းခဲ့ကြောင်း YMC အနုပညာအေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့သည်။

မေ ၅ ရက်ကကျင်းပခဲ့သည့် I .O .I အဖွဲ့၏ ဂီတဖျော်ဖြေပွဲလက်မှတ်တစ်စောင်လျှင် ဝမ် ၁၀၀၀ ဖြင့်ရောင်းချခဲ့ပြီး ယင်းဖျော်ဖြေပွဲမှရရှိသည့် အမြတ်ငွေ ဝမ် ၃၀၀၀၀၀၀ ကို UNICEF သို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

I .O .I အဖွဲ့သည် တေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံရိုက်ကူးရေးနှင့် ဂီတဗီဒီယိုရိုက်ကူးရေးများကို အပြီးသတ်ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ဩဂုတ်လတွင် ဖြန့်ချိနိုင်ဖွယ်ရှိကြောင်း YMC အေဂျင်စီက ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် ယင်းအဖွဲ့သည် KCON LA 2016 ဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref: Kpop Starz**

# Instagram တွင် Followers ၁၀ သန်းကျော် ရရှိခဲ့သည့် G-Dragon



ဆိုးလ် ဩဂုတ် ၁

Big Bang တောင်ကိုရီးယားအမျိုးသားအဆိုအဖွဲ့မှ နာမည်ကြီးအဆိုတော်ဖြစ်သည့် G-Dragon သည် Instagram လူမှုကွန်ရက်စာမျက်နှာတွင် Followers ၁၀ သန်းကျော်ရရှိခဲ့ပြီး ပရိသတ်အများဆုံးအနုပညာရှင်အဖြစ် မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ကြောင်း သိရသည်။

G-Dragon သည် လတ်တလောတွင် ကင်မ်ဟေးဆိုး၊ လီဂျီဟွန်းတို့နှင့်အတူ Infinite Challenge အစီအစဉ်တွင် ပါဝင်တင်ဆက်ရန်ပြင်ဆင်လျက်ရှိပြီး Big Bang အဖွဲ့၏ ဂီတသက်တမ်း ၁၀ နှစ်ပြည့်အထိမ်းအမှတ်ဖျော်ဖြေပွဲတွင်လည်း ပါဝင်ဖျော်ဖြေသွားမည်ဖြစ်သည်။

Big Bang The Concert : 0.TO.10 ဟုအမည်ပေးထားသည့် ယင်းအဖွဲ့၏ဖျော်ဖြေပွဲကို ဩဂုတ် ၂၀ ရက်တွင် ဆိုးလ်မြို့ရှိ ကမ္ဘာ့ဖလားအားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref: Kpop Starz**

# အက်ရှင်ကားတွေရိုက်ကူးဖြစ်နေတဲ့ အလှမယ်ထားထက်ထက်



ကျွမ်းဘားမယ်တစ်ဦးဖြစ်သည့် အလှမယ်ထားထက်ထက်က ဇာတ်ကားရိုက်ကူးမှုနည်းသော်လည်း ပရိသတ်အားပေးမှုရရှိထားသူတစ်ဦးဖြစ်ပြီး လက်ရှိတွင် အက်ရှင်ဇာတ်ကားများရိုက်ကူးဖြစ်နေသည့် သူမက လေ့ကားလိုလူ ဇာတ်ကားတွင်ပါဝင်သော ဇာတ်ကောင်အကြောင်း ယခုလိုပြောပြခဲ့သည်။

"ကိုယ့်နံလေးနဲ့ဇာတ်ကားမှာ ညီမက ရဲမေတစ်ယောက်နေရာက ပါဝင်သရုပ်ဆောင်ထားပါတယ်။ လေ့ကားလိုလူဇာတ်ကားမှာ အက်ရှင်မင်းသမီးဆိုတော့ ကိုယ်တတ်ထားတဲ့ကျွမ်းဘားပညာနဲ့ ခက်ခက်ခဲခဲလုပ်ရတာတွေပါတယ်။ ကျွမ်းထိုးတာနဲ့ ဖိုက်တင်အခန်းတွေက များပါတယ်။ ထားထက်က သူများမလုပ်နိုင်တဲ့ကာရိုက်တာမျိုးတွေဖြစ်တဲ့ကျွမ်းထိုးတာတို့ အက်ရှင်နဲ့ ပတ်သက်တဲ့ကာရိုက်တာတို့ကို ပိုပြီးသရုပ်ဆောင်ချင်တယ်။ ဘာလို့လဲဆိုတော့ အက်ရှင်ဆိုရင် လူစားထိုးပြီးလုပ်နေကြတော့ ထားထက်က ကိုယ်တိုင်လုပ်နိုင်တဲ့ အားကစားနဲ့ပတ်သက်တဲ့ ကာရိုက်တာတွေဆိုရင် ပိုပြီးရိုက်ချင်တယ်။ အပြင်မှာဖြစ်ပျက်နေတာမျိုးတွေကို သဘာဝကျကျ ရိုက်ကူးချင်ပါတယ်" ဟု သူမကပြောသည်။

**အေးမြတ်မိုး**

www.facebook.com/themyawadydaily



# ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ ပြည်တွင်းရှိ ဘိလပ်မြေထုတ်လုပ်ရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံမည်



ရန်ကုန် ဩဂုတ် ၁

၂၀၁၇ ခုနှစ်အတွင်း ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် ပြည်တွင်းရှိ ဘိလပ်မြေထုတ်လုပ်ရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း မြန်မာ-ထိုင်းယှဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ထိုင်းလုပ်ငန်းရှင်အများစုက ပြည်တွင်းဘိလပ်မြေထုတ်လုပ်ရေးနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံကြမှာပါ" ဟု ၎င်းကဆက်လက်ပြောသည်။

ပြည်တွင်း၌ ထိုင်းလုပ်ငန်းရှင် ၁၀ ဦးခန့်သည် ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းတွင် ယင်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော်လုပ်ကိုင်သွားမည်ဖြစ်ပြီး ကာလရှည်စီမံကိန်းဖြင့် လုပ်ကိုင်သွားရန် စီစဉ်ထားသည်။ ထို့ပြင် ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်တချို့သည် ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် လေ့လာမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းသော်တာလွင်**

# လှိုင်သာယာစက်မှုဇုန်ကို အခြေခံအဆောက်အအုံပိုင်း အဆင့်မြှင့်တင်တိုးချဲ့နိုင်ရန် စီစဉ်သွားမည်

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်မြို့၏ ပထမဆုံးနှင့် အဖွံ့ဖြိုးဆုံးစက်မှုဇုန်တစ်ခုဖြစ်သည့် လှိုင်သာယာစက်မှုဇုန်ကို သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့ အခြေခံအဆောက်အအုံပိုင်း အဆင့်မြှင့်တင်တိုးချဲ့နိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ လှိုင်သာယာစက်မှုဇုန်သည် ရန်ကုန်တိုင်းဒေသကြီး၌ ပထမဆုံးအကောင်အထည်ဖော်သည့် စက်မှုဇုန်ဖြစ်ပြီး လက်ရှိ ဖွံ့ဖြိုးမှုအကောင်းဆုံးဖြစ်သော်လည်း သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ပြီးနောက်ပိုင်း အခြေခံအဆောက်အအုံပိုင်းဖြစ်သည့် လျှပ်စစ်မီး၊ ရေနှင့် လမ်းပန်းဆက်သွယ်ရေးတို့တွင် သီလဝါအထူးစီးပွားရေးဇုန်ထက် နိမ့်ကျနေကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြင့်လာရန် နိုင်ငံတော်၏ အခြေခံအဆောက်အအုံကဏ္ဍတွင် လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို အသေးစိတ်မူဝါဒတစ်ရပ်ရေးဆွဲမည်ဖြစ်ပြီး လှိုင်သာယာစက်မှုဇုန်၏ အခြေခံအဆောက်အအုံပိုင်း အဆင့်မြှင့်တင်ရန် အသေးစိတ်ဆွေးနွေးရဦးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် လှိုင်သာယာစက်မှုဇုန်သည် မြေအကျယ်အဝန်း ဧက ၁၄၀၀ ကျော်ရှိကာ စက်ရုံပေါင်း ၆၅၀ ကျော် လုပ်ငန်းလည်ပတ်နေပြီး ယင်းတို့အနက် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုစက်ရုံမှာ ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း သိရသည်။ **(၇၇၇)**

# အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံနှင့် အာဖရိကနိုင်ငံများမှ ပဲမျိုးစုံတင်သွင်းရန်ဆွေးနွေး

ရန်ကုန် ဩဂုတ် ၁

အိန္ဒိယအစိုးရသည် ပြည်တွင်း၌ စားသုံးမှုလုံလောက်စေရန် မြန်မာနိုင်ငံနှင့် အာဖရိကနိုင်ငံတို့မှ ပဲမျိုးစုံတန်ချိန်ခုနစ်သန်းကျော် တင်သွင်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေအရ ဒီနှစ်မှာ ပြည်တွင်းစားသုံးမှုကို ဖြည့်ဆည်းဖို့ ပြည်ပကနေ ပဲမျိုးစုံ တန်ချိန်အမြောက်အမြားတင်သွင်းရမယ့် အခြေအနေရှိပါတယ်။ လက်ရှိမှာ ပြည်ပနိုင်ငံတွေကနေ တင်သွင်းရမယ့်ပမာဏက တန်ချိန် ၇ ဒသမ ၆ သန်းလောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ အစိုးရပိုင်းကရော ပုဂ္ဂလိကပိုင်းကပါ တင်သွင်းသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ အာဖရိကနိုင်ငံတွေကနေ အများဆုံးတင်သွင်းဖို့ စီစဉ်ထားပါတယ်" ဟု အိန္ဒိယစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အိန္ဒိယအစိုးရသည် အစိုးရအဆင့် သဘောတူညီမှုရယူကာ မြန်မာနိုင်ငံမှထွက်ရှိသောပဲမျိုးစုံကို တင်သွင်းရန်ကြိုးပမ်းလျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ ပဲမျိုးစုံအများဆုံးစားသုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် ပျမ်းမျှစားသုံးသည့်ပမာဏမှာ တန်ချိန် ၂၂ သန်းရှိသည်။ အိန္ဒိယနိုင်ငံ၌ မတ်လကုန်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ရာသီဥတုဖောက်ပြန်မှုများကြောင့် ပဲမျိုးစုံစိုက်ပျိုးမှုများကို ထိခိုက်ခဲ့ပြီး ပြည်တွင်းစားသုံးမှုပမာဏကို ပြည်တွင်းပဲအထွက်နှုန်းဖြင့် ဖြည့်ဆည်းနိုင်ရန်မရှိသောကြောင့် ပြည်ပနိုင်ငံများမှ တင်သွင်းရန်စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်ပိုင်းများအတွင်း နိုင်ငံအတွင်း၌ဖြစ်ပေါ်ခဲ့သော စိုက်ပျိုးရေးကဏ္ဍ အထွက်နှုန်းကျဆင်းမှုများကြောင့် အိန္ဒိယနိုင်ငံအတွင်း၌ ပဲမျိုးစုံဈေးနှုန်းများ စံချိန်တင်အနေအထားအထိ မြင့်တက်ခဲ့သည့်အပြင် ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားလာစေရန် တွန်းအားပေးသကဲ့သို့ ဖြစ်ခဲ့သည်။

အိန္ဒိယနိုင်ငံအတွင်း ယခုလကုန်ပိုင်းအထိ ပဲမျိုးစုံစိုက်ပျိုးထားသည့်ပမာဏမှာ ဟက်တာကိုးသန်းရှိပြီး ယမန်နှစ်ကစိုက်ပျိုးခဲ့သောပမာဏထက် ဟက်တာ ၂ ဒသမ ၅ သန်းခန့် ပိုများခဲ့သော်လည်း ရာသီဥတုဖောက်ပြန်မှုများကြောင့် အထွက်နှုန်းကျဆင်းမည်ဟု အိန္ဒိယစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း သိရသည်။

**တောင်းထက်ငွေ**

# ပုသိမ်စက်မှုဇုန်၌ ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ရန် ထိုင်းစီးပွားရေး လုပ်ငန်းရှင်များအား ဖိတ်ခေါ်ထား

ပုသိမ် ဩဂုတ် ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုဇုန်၌ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအား အစားအစာထုတ်လုပ်ရေးစီမံကိန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ထားကြောင်း ထိုင်းသတင်းအေဂျင်စီက ဖော်ပြထားသည်။

မြန်မာနိုင်ငံရှိ ပုသိမ်စက်မှုဇုန်ဒေသမှာ ဖွံ့ဖြိုးတိုးတက်လာသဖြင့် လာရောက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီက ကမ်းလှမ်းဖိတ်ခေါ်ခဲ့ကြောင်း ထိုင်းစက်မှုဝန်ကြီး Atchaka Sibunruang ကပြောသည်။

ဧရာဝတီတိုင်းဒေသကြီးမှာ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဒေသဖြစ်ပြီး ယင်းဒေသ၌ စက်မှုဇုန်အကောင်အထည်ဖော်ခြင်းသည် စိုက်ပျိုးရေးစက်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ထိုင်းဝန်ကြီးချုပ်အနေဖြင့်လည်း မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ရေးပိုမိုကောင်းမွန်သည့်မူဝါဒများ အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အစိုးရအနေဖြင့် စက်မှုစိုက်ပျိုးရေးနိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရန် ပြင်ဆင်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီအနေဖြင့် ထိုင်းနိုင်ငံသို့သွားရောက်လည်ပတ်သည့်ခရီးစဉ်တွင် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်ရေး တိုးချဲ့နိုင်ရန်နှင့် အကြံဉာဏ်ဖလှယ်မှုများပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။ **တောင်းထက်ငွေ**

# မြန်မာနိုင်ငံထွက်ကော်ဖီစေ့များကို ဝယ်ယူသော ပြည်ပနိုင်ငံများအနက် အမေရိကန်နိုင်ငံက ဈေးအများဆုံးပေး၍ဝယ်ယူ

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံမှထွက်ရှိသော ကော်ဖီစေ့များကို ဝယ်ယူသော ပြည်ပနိုင်ငံများအနက် အမေရိကန်နိုင်ငံက ဈေးအများအဆုံးပေး၍ ဝယ်ယူလျက်ရှိကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံမှထွက်သော ကော်ဖီစေ့တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၀၀၀ ခန့်အထိ ဈေးအများဆုံးပေး၍ဝယ်ယူနေပြီး တခြားဝယ်ယူသော ဆွစ်ဇာလန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့က ကော်ဖီစေ့တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ ဝန်းကျင်သာပေး၍ဝယ်ယူမှုရှိကြောင်း၊ ယင်းသို့ အမေရိကန်နိုင်ငံက ဈေးကောင်းပေးဝယ်ယူခြင်းကြောင့် ကော်ဖီစိုက်ပျိုးသူများအကျိုးဖြစ်ထွန်းလျက်ရှိကြောင်း၊ ကော်ဖီစေ့အရည်အသွေးပိုင်းတွင် ဝယ်ယူသောနိုင်ငံများ၏အရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် လုပ်ဆောင်လျက်ရှိပြီး မြန်မာနိုင်ငံ ကော်ဖီအသင်းမှ ကော်ဖီစိုက်တောင်သူများအား အကူအညီများပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ကော်ဖီအရည်အသွေးပိုင်း တူညီမှုရှိစေရေးအတွက် မြန်မာနိုင်ငံ ကော်ဖီအသင်းအနေဖြင့် ရန်ကုန်မြို့အပါအဝင် ကော်ဖီထွက်ရှိရာဒေသများဖြစ်သည့် ရှမ်း၊ ပြင်ဦးလွင်၊ မိုးကုတ်၊ နောင်ချိုနှင့် ချင်းပြည်နယ်တို့၌ အဖွဲ့များဖွဲ့၍လုပ်ဆောင်နေကြောင်း၊ ကော်ဖီစေ့စက်ရုံကို တည်ထောင်ထားပြီး နည်းပညာပိုင်းတွင် အမေရိကန်နိုင်ငံက အကူအညီပေးလျက်ရှိကြောင်း သိရသည်။

အလားတူ နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် Win Rock International နှင့်ပူးပေါင်းကာ ကော်ဖီစိုက်ပျိုးသူများအား အကူအညီများပေးနေကြောင်း၊ ကော်ဖီစေ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် မျိုးစေ့များလိုအပ်ပါက အခမဲ့ကူညီပေးကြောင်း သိရသည်။

ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သောကော်ဖီစေ့များကို ပြည်ပသို့တင်ပို့ရာတွင် Special Coffee ဖြစ်ရန်လိုအပ်သည့်အတွက် အကူအညီပေးခြင်းများလုပ်ဆောင်နေသည်။

ပြည်ပတင်ပို့မှုအနေဖြင့် အမေရိကန်နိုင်ငံသို့ ကွန်တိန်နာနှစ်လုံး၊ ဆွစ်ဇာလန်နိုင်ငံသို့ ကွန်တိန်နာနှစ်လုံးနှင့် ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် တရုတ်(ထိုင်ပေ)တို့သို့ တန်ချိန်အနည်းငယ်စီ တင်ပို့ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ကော်ဖီအသင်းအနေဖြင့် ရရှိသောအသင်းရန်ပုံငွေအပေါ်မူတည်ကာ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအား နည်းပညာအပြင် တခြားပံ့ပိုးမှုများကို ဆက်လက်ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ဝိုးမိုး**

# အကောင်းဆုံးငြိမ်းချမ်းရေးရလဒ်ရယူနိုင်ကြပါစေ

**လက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ကိုယ့်ပြည်နယ်၊ ကိုယ့်လူထုအေးချမ်းဖွံ့ဖြိုးတိုးတက်ဖို့ကို အရေးထားမယ်ဆိုတဲ့စိတ်ဓာတ်တွေအရင်းခံပြီး တော်တည့်မှန်ကန်တဲ့ ထာဝရငြိမ်းချမ်းရေးကို ရယူဖို့လိုပါလိမ့်မယ်။ အထူးသဖြင့် အိမ်နီးချင်းတစ်ဖက်နိုင်ငံများနဲ့ ထိစပ်ရပ်တည်နေကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ ◦◦◦◦◦**

တိုင်းပြည်မှာ လက်နက်ကိုင်ယှဉ်ပြိုင်တိုက်ခိုက်မှုကြောင့် ဒေသအသီးသီးမှာ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဒေသခံပြည်သူတွေ ကျီးလန့်စာစားနေထိုင်ရမှု၊ ဒေသအတွင်းမငြိမ်းချမ်းမှုတွေကြောင့် အစစအရာရာမတိုးတက်၊ မဖွံ့ဖြိုးခဲ့ရမှုများဟာ နှစ်ပေါင်းများစွာခံစားခဲ့ကြရပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့အတွက် အစိုးရအသီးသီးရဲ့လက်ထက်မှာလည်း ကြိုးစားဖော်ဆောင်ခဲ့ကြရပါတယ်။ ဒါပေမဲ့ အောင်မြင်မှုမရှိခဲ့ကြပါဘူး။ ဘာကြောင့် မအောင်မြင်ခဲ့ကြသလဲဆိုတဲ့ မေးခွန်းရဲ့နောက်ကွယ်မှာ အမျိုးမျိုးသောရှုံးသားဖြောင့်မတ်မှုတွေ မရှိခဲ့ကြတာလည်း လေ့လာတွေ့ရှိရပါတယ်။

တစ်ချိန်က လက်နက်ကိုင်အင်အားကြီးဖြစ်တဲ့ ဗကပအပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကို ပြည်တွင်းငြိမ်းချမ်းရေးအတွက် နိုင်ငံတော်က ရိုးသားစွာ ဖိတ်ခေါ်ဆွေးနွေးခဲ့ပါတယ်။ စားပွဲပေါ်မှာ မျက်နှာစုံညီညှိနှိုင်းတွေ့ဆုံဆွေးနွေး၍ ငြိမ်းချမ်းရေးရလဒ်ကိုရယူလိုခြင်းဆိုတဲ့ အခြေခံမှုတွေနဲ့ ဆွေးနွေးခဲ့ကြပါတယ်။ ဒါပေမဲ့ ပျက်ပြယ်ခဲ့ကြရပါတယ်။

ဗကပအဖွဲ့အစည်းက တစ်ဖွဲ့ချင်းလာရောက်ဆွေးနွေးတယ်။ ဒီနောက် မဒညတအနေနဲ့ စုဖွဲ့အားယူပြီးဆွေးနွေးတယ်။ မလိုက်လျောနိုင်တဲ့ တောင်းဆိုမှုတွေ တောင်းဆိုလာတယ်။ မူလရင်းတို့လှုပ်ရှားရာဒေသထက်ကျော်လွန်ပြီး စစ်ရေး၊ နိုင်ငံရေးလှုပ်ရှားသလို နယ်ကျော်ပြီး ဆက်ကြေးတွေကောက်ခံမှုကအစ အရာရာအမြတ်ထုတ်လာပါတယ်။ နိုင်ငံရေးလှုပ်ရှားမှုအဖြစ် ဗကပအနေနဲ့ လေးခရိုင်ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးလို့ အမည်နာမသမုတ်ပြီး ပြည်နယ်တွေကနေ ရန်ကုန်ကိုချီတက်လှုပ်ရှားခဲ့ကြတယ်။ ဒါကြောင့် ပြည်သူအများလိုလားတဲ့ငြိမ်းချမ်းရေးဆိုတဲ့ ရလဒ်ကောင်းဟာ ဝမ်းနည်းဖွယ်ရာမရရှိခဲ့ပါဘူး။ ဒီနောက်ပိုင်းမှာလည်း ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုတွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ အခါအားလျော်စွာပြုလုပ်ခဲ့ကြပါတယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးတွေကြောင့် ပျက်ပြယ်ခဲ့ကြရပါတယ်။ ကျေနပ်ဖွယ်ရာအခြေတွေ မရရှိခဲ့ပါဘူး။

ယနေ့ ဒီမိုကရေစီခေတ်မှာလည်း ငြိမ်းချမ်းရေးအတွက် တာဝန်ရှိသူများအားလုံး လုံးပန်းနေကြတယ်။ အမှန်တကယ်ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နှစ်သိမ့်ပါဝင်လှုပ်ရှားနေတဲ့ တပ်မတော်အနေနဲ့ မူ(၆)ချက်ကိုလည်း တိတိကျကျချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီမူ (၆)ချက်အနေနဲ့ အငြင်းပွားဖွယ် စောဒကတက်စရာမလိုဘူးလို့ ပြောဆိုရမှာဖြစ်ပါတယ်။ တကယ့်စိတ်ရင်းစေတနာမှန်မှန်ကန်ကန်နဲ့ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုကြီးမပြိုကွဲဘဲ ပြည်ထောင်စုကြီးကို အလေးထားချစ်မြတ်နိုးတဲ့ စိတ်ဓာတ်တွေအရင်းခံပြီး စိတ်ရှည်ဖွဲ့သန် သည်းခံအဖြေရှာဖို့တော့ လိုအပ်ပါလိမ့်မယ်။

နိုင်ငံတော်ကတာဝန်ရှိသူများအနေနဲ့လည်း NCA လက်မှတ်ထိုးထားသူများနဲ့ တွေ့ဆုံညှိနှိုင်းမယ့် ဆပ်ကော်မတီ၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့အဖွဲ့တွေနဲ့လည်း ဆွေးနွေးညှိနှိုင်းဖို့ ဆပ်ကော်မတီစသည်ဖြင့် ကော်မတီနှစ်ရပ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ဒီအခြေအနေမှာ တာဝန်ရှိတဲ့အစိုးရအနေနဲ့ အားလုံးပါဝင်ရေးကို ဦးတည်ဆောင်ရွက်မှုအပေါ် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များအနေနဲ့ နိုင်ငံတော်ရဲ့စေတနာကို တန်ဖိုးထားဖို့လိုပါလိမ့်မယ်။

တပ်မတော်ဘက်က ရပ်တည်ခံယူထားချက်များနဲ့ နိုင်ငံတော်ကလှုပ်ရှားလုပ်ဆောင်ချင်တဲ့ လိုအပ်ချက်များလည်း အတော်အတန်ညှိနှိုင်းရလိမ့်မယ်ထင်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အစိုးရရဲ့တာဝန်ရှိသူနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့လည်း ညှိနှိုင်းတိုင်ပင်ဆောင်ရွက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ပတ်သက်လို့ တပ်မတော်ကအသိဆုံးပါ။ ဘယ်အဖွဲ့အစည်းက ရိုးသားပွင့်လင်းတယ်။ ဘယ်အဖွဲ့အစည်းဟာ လက်နက်ကိုင်အင်အားကို စွမ်းအားတစ်ရပ်အဖြစ်ဆုပ်ကိုင်ချင်တယ် စသည်စသည်ဖြင့် တစ်ဖွဲ့ချင်းတွေရဲ့ သဘောသဘာဝ၊ အမူအကျင့်၊ ၎င်းတို့ရဲ့ ရည်မှန်းထားရှိမှုတွေကို သိပြီးသားပါ။ ဒါကြောင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးကြရာမှာ တပ်မတော်ရဲ့အခန်းကဏ္ဍဟာ အထူးအရေးပါကြောင်း ဖော်ပြရမှာဖြစ်ပါတယ်။ တပ်မတော်ရဲ့ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ သဘောထားရပ်တည်ချက် (၆) ရပ်၊ NCA လက်မှတ်မထိုးရသေးတဲ့ လက်နက်ကိုင်အဖွဲ့အစည်းသုံးဖွဲ့အပေါ်မှာ ရပ်တည်ထားတဲ့ ရပ်တည်ချက်များအရ ဘယ်လိုညှိနှိုင်းပြီး အပေးအယူရှိကြမလဲဆိုတာ အလေးထားစဉ်းစားရမှာဖြစ်ပါတယ်။

အပေးအယူရှိရမယ်လို့ဆိုရာမှာလည်း ပေးမယ့်သူကလည်း မပေးသင့် မပေးထိုက်တာကိုပေးမိခဲ့ရင် ဒုက္ခ။ ရယူချင်တဲ့သူကလည်း မတန်တဆတွေ တောင်းဆိုရယူချင်ရင်လည်း ဒုက္ခ။ ဒီဒုက္ခတွေနဲ့ ရွှေပြည်တော်မျှော်လင့်တိုင်းဝေးသွားနိုင်ပါတယ်။ MNDAA အဖွဲ့၊ TNLA အဖွဲ့၊ AA အဖွဲ့ဆိုတာတွေလည်း ကိုယ့်ကိုယ်ကိုယ်ပြန်လည်သုံးသပ်သင့်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း အတိအလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဘယ်သူမပြု မိမိမှုရယ်ပါ။ အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးပြီး လောက်ကိုင်ကိုရန်ပြုတိုက်ခိုက်ခဲ့ပါတယ်။ မိမိတပ်မတော်ဘက်က အချုပ်အခြာအာဏာကာကွယ်ဖို့နဲ့ တိုင်းပြည်အေးချမ်းရအောင်၊ နောက်ဆက်တွဲတိုက်ပွဲတွေဖြစ်မလာရအောင် စစ်သည်များရဲ့အသက်ပေါင်းများစွာရင်းပြီး ကာကွယ်တိုက်ခိုက်ခဲ့ရပါတယ်။

နောက်တစ်ခါ ရခိုင်ပြည်နယ်ရှိ နှစ်နိုင်ငံနယ်စပ်အတွင်း တစ်ဖက်နိုင်ငံမှ ဘင်္ဂါလီများခိုးဝင်၊ ခိုးထွက်မလုပ်ရအောင် စည်းရိုးကာလုပ်ငန်းအတွက် လုံခြုံရေးလုပ်တဲ့ တပ်မတော်အဖွဲ့ကို မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာပင် ချုံခိုတိုက်ခိုက်လို့ တပ်ရင်းမှူးအပါအဝင်စစ်သည်များ ကျဆုံးခဲ့ရပါတယ်။ ရှမ်းပြည်မှာဖြစ်တဲ့ဖြစ်စဉ်တွေလည်း အလားတူပါပဲ။ ဒါတွေဟာ မေ့ပျောက်စရာမကောင်းတဲ့ဖြစ်စဉ်တွေဖြစ်သလို ငြိမ်းချမ်းရေးအတွက် ဆွေးနွေးကြ၊ တွေ့ဆုံကြရာမှာ မမေ့မဖြောန်ကျကျထည့်သွင်းစဉ်းစားရမယ့် ပကတိဖြစ်စဉ်တွေပါ။

ရှမ်းပြည်မှာလည်း တပ်ဌာနချုပ်တွေကိုပင် ဝင်ရောက်တိုက်ခိုက်ရာမှာ တပ်မတော်က ရဲမေများကိုယ်တိုင်မိမိတပ်စခန်းလုံခြုံရေးအတွက် သားသမီးငယ်များကိုချိုပိုးရင်း ကျားကုတ်ကျားခဲကာကွယ်ခဲ့ရတာတွေလည်း မေ့ပျောက်စရာမရှိပါဘူး။ တစ်ဖက်ကအပစ်မရပ်ဘဲ စတင်တိုက်ခိုက်လို့ တပ်မတော်ကလည်း ရှိသမျှ စစ်စွမ်းအား Military Might သုံးပြီးချေမှုန်းတော့ "စစ်ပွဲတွေရပ်" ဆိုပြီး အော်ကြပြန်ပါတယ်။ မီဒီယာတွေ အပါအဝင်ပါ။ စတင်ကျူးကျော်တိုက်ခိုက်တုန်းကတော့ ဒီအချိန်ဟာ ငြိမ်းချမ်းရေးအတွက် လိုအပ်တဲ့အဖွဲ့အစည်းတွေဖွဲ့စည်း၊ အပစ်ရပ်လုပ်ငန်းတွေလုပ်နေတုန်းမို့ ဒီလိုစတင်တိုက်ခိုက်မှုတွေ မပြုလုပ်သင့်ပါဘူးလို့ ဘယ်သူမှ၊ ဘယ်အဖွဲ့အစည်းမှ၊ ဘယ်မီဒီယာမှလည်း ပြတ်ပြတ်သားသား မဖော်ပြကြပါဘူး။ ဒါဟာ ကောင်းတဲ့အလားအလာ မဟုတ်ပါဘူး။

ဒီနေ့အေးချမ်းတဲ့ နေရာဒေသမြို့တွေမှာနေကြရတဲ့ ပြည်သူအများဟာ၊ အေးချမ်းတဲ့အရသာကို ခံစားနေကြသူများဟာ တိုင်းပြည်အေးချမ်းသာယာရေး၊ လုံခြုံရေးအတွက် သက်စွန့်ကြိုးပမ်းထမ်းဆောင်နေကြတဲ့ အပြစ်မဲ့တပ်မတော်သားများရဲ့ ကျေးဇူးမျက်နှာကို ထောက်ဆသင့်ပါတယ်။ တစ်ချိန်က ရန်ကုန်အစိုးရဘဝကနေ တပ်မတော်က ပြည်သူနဲ့အတူ ကယ်တင်ခဲ့လို့ ဒီနေ့ လူကြီးဖြစ်နေတဲ့လူတွေပင်လျှင် ကျောင်းကောင်းကောင်းတက်၊ အေးအေးချမ်းချမ်းနေရတဲ့ ဘဝတွေမှာ ရှင်သန်ခွင့်ရတယ်ဆိုတာ ငြင်းပယ်လို့မရပါဘူး။ ဒီလိုဖော်ပြရလို့လည်း စစ်စကားဖော်ညွှန်းပြောဆိုနေရခြင်း မဟုတ်ပါဘူး။

➢စစ်ကိုမလိုလားဆုံး၊ စစ်ရဲ့အနိဋ္ဌာရုံများကို အသိဆုံးက တပ်မတော်သားတွေပါ။ မိခွဲဖခွဲ သားမယားခွဲပြီး တောတောင်အနှံ့ ဆင်းရဲပင်ပန်းခံ အသက်ပေးပြီး တာဝန်ထမ်းဆောင်နေရသူတွေက တပ်မတော်သားတွေပါ။

➢တခြားတစ်ဖက်မှာလည်း စစ်ကိုရွံရှာပြီး စစ်ရဲ့အနိဋ္ဌာရုံကို လက်တွေ့ကျကျခံစားရသူတွေက လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ တပ်မတော်အဖွဲ့များ လှုပ်ရှားသွားလာဝင်ထွက်နေရတဲ့ဒေသမှာ နေကြရတဲ့ ဒေသခံတိုင်းရင်းသားပြည်သူများပါ။

➢ဒါကြောင့် ငြိမ်းချမ်းရေးကို အလိုလားဆုံးအဖွဲ့အစည်းဟာ တပ်မတော်နဲ့ မငြိမ်းချမ်းဆုံးဒေသမှာနေကြရတဲ့ တိုင်းရင်းသားပြည်သူတွေဆိုတာ ငြင်းဆိုလို့ရမယ်မထင်ပါဘူး။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ ပြည်ထောင်စုကြီးက ခွဲမထွက်ပါဘူးလို့ယဉ်ယဉ်ကလေးဆိုထားပေမယ့် တချို့လက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ စစ်အင်အားတည်ဆောက်နေတာတွေ၊ လူသစ်စုဆောင်းနေတာတွေ၊ မမှန်မကန် ငွေကြေးရအောင်ပြုလုပ်နေပြီး စစ်စွမ်းအားမြှင့်တင်နေတာတွေ၊ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်အဖြစ် ဖွဲ့စည်းရပ်တည်နေချင်တာတွေလည်း ရင်မောဖွယ်တွေဆိုပါတယ်။ လက်နက်ကိုင်အင်အားကို စွမ်းအားတစ်ရပ်အဖြစ် ခံယူကျင့်သုံးနေမယ်ဆိုရင်တော့ တိုင်းပြည်အတွက် ရလဒ်ကောင်းမှာ မဟုတ်ပါဘူး။

ယနေ့ လက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ကိုယ့်ပြည်နယ်၊ ကိုယ့်လူထုအေးချမ်းဖွံ့ဖြိုးတိုးတက်ဖို့ကို အရေးထားမယ်ဆိုတဲ့စိတ်ဓာတ်တွေအရင်းခံပြီး တော်တည့်မှန်ကန်တဲ့ ထာဝရငြိမ်းချမ်းရေးကို ရယူဖို့လိုပါလိမ့်မယ်။ အထူးသဖြင့် အိမ်နီးချင်းတစ်ဖက်နိုင်ငံများနဲ့ ထိစပ်ရပ်တည်နေကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ အထက်ဖော်ပြပါစိတ်ဓာတ်တွေ အရင်းခံဖို့လိုပါလိမ့်မယ်။ ပြည်ပကိုအားကိုးချင်တဲ့စိတ်၊ လက်နက်ကိုင်အဖွဲ့အစည်းကို စွမ်းအားတစ်ရပ်အဖြစ် ခံယူချင်တဲ့စိတ်စတဲ့ အမြင်ကျဉ်းတဲ့လူမျိုးရေးစိတ်ဓာတ်တွေ မထားရှိဖို့လိုပါတယ်။ တိုင်းရင်းသားအချင်းချင်း ညမကွဲသိုက်မပျက် မနေနိုင်ကြ၊ မနေချင်ကြရင်တော့ ပြည်ထောင်စုကြီးပြိုကွဲသွားနိုင်သလို အပေးအယူမမျှတကြရင်တော့ ခရိုင်းမီးယားလိုမဖြစ်ပါစေနဲ့လို့ ဆန္ဒပြုဆုတောင်းရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးကိစ္စဆိုတာ အင်မတန်ခက်ခဲနက်နဲကျယ်ပြန့်တဲ့ကိစ္စဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ တော်လှန်ရေးကောင်စီခေတ် တွေ့ဆုံဆွေးနွေးခဲ့ရာမှာ နိုင်ငံရေးအမြတ်ထုတ်မှုတွေကြောင့် ပျက်ပြယ်ခဲ့ရသလို ၁၉၈၀ ပြည့်နှစ်များမှာ KIO ဥက္ကဋ္ဌ ဦးဘရမ်ဆိုင်းခေါင်းဆောင်အဖွဲ့ ရန်ကုန်ကိုလာရောက်ပြီး တော်လှန်ရေးကောင်စီနဲ့ဆွေးနွေးမှုကို ပြန်လည်သတိရမိပါတယ်။ စာရေးသူဟာ လုံခြုံရေးတာဝန်နဲ့ ဦးဘရမ်ဆိုင်း၊ ဦးဇောင်းခရား၊ ဒေါက်တာထူးဂျာတို့အဖွဲ့နဲ့ မင်္ဂလာဒုံဧည့်ရိပ်သာမှာ အတူနေအတူစားသူတို့ရဲ့လိုအပ်ချက်ကို အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရပါတယ်။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဦးနေဝင်းနဲ့ သူတို့တွေ့ဆုံဆွေးနွေးခွင့်၊ တင်ပြခွင့်ရခဲ့ကြပါတယ်။ ဥက္ကဋ္ဌဦးနေဝင်းက ဦးဘရမ်ဆိုင်းအဖွဲ့ကို **"ငြိမ်းချမ်းရေးကိုရယူပါ။ မိမိတို့ကချင်ပြည်နယ်အတွင်း ဝင်ရောက်ပြီးပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကြပါ။ ကလေးတွေ( KIA တပ်သားတွေကို ဆိုလိုတာပါ )စားဝတ်နေရေးအတွက် အားလုံးတာဝန်ယူပါတယ်။ မလိုက်လျောနိုင်တာတစ်ခုပဲရှိပါတယ်။ အဲဒါဖွဲ့စည်းပုံအခြေခံဥပဒေတော့ မပြင်နိုင်ပါဘူး"တဲ့။**

ဦးဘရမ်ဆိုင်းကိုယ်တိုင် အဲဒီအချိန်က ဥက္ကဋ္ဌကြီးဦးနေဝင်းကို လေးစားပါတယ်ဗျာလို့ ပြောသွားပါတယ်။ ဒါပေမဲ့ အဲဒီအချိန်က KIA ရဲ့ လက်နက်ကိုင်အဖွဲ့အစည်းရယ်၊ သူတို့နောက်ကွယ်က ဗကပရှိနေတာတွေရယ်ကြောင့် အဲဒီအချိန်ကတည်းက ပြည်သူလိုလားတဲ့ငြိမ်းချမ်းရေးဟာ ပျက်ပြယ်ခဲ့ရတဲ့ သင်ခန်းစာရှိပါတယ်။

ဖွဲ့စည်းပုံဟာ တိုင်းပြည်ရဲ့အသက်ပါ။ ယနေ့လက်နက်စွဲကိုင်ကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တော်တည့်မှန်ကန်စွာ၊ တရားနည်းလမ်းကျနစွာ လက်နက်ကိုင်များနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းညှိနှိုင်းပြီး ကောင်းမွန်တဲ့အဖြေရှာမလဲဆိုတာတော့ လေ့လာစောင့်ကြည့်ရမှာဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းသာယာတဲ့အဖြေဖြစ်ပါစေလို့ပဲ ဆန္ဒပြုရမှာဖြစ်ပါတယ်။

➢စစ်ကိုမလိုလားဆုံး၊ စစ်ရဲ့အနိဋ္ဌာရုံများကို အသိဆုံးက တပ်မတော်သားတွေပါ။

➢အလားတူ စစ်ကိုမလိုလားဆုံး၊ စစ်ရဲ့အနိဋ္ဌာရုံကို သိရှိခံစားနေရသူများက မငြိမ်းချမ်းတဲ့ဒေသမှာနေကြရတဲ့ တိုင်းရင်းသားပြည်သူများပါ။

➢တစ်ဆက်တည်းမှာပင် တိုင်းပြည်တစ်ပြည်မှာ ရှိရမှာက တစ်ခုတည်းသောတပ်မတော်ရယ်ပါ။

ဒါကြောင့် ပြည်သူ၊ အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေ အရင်းခံပြီး စိတ်ရှည်ဖွဲ့သန်သည်းခံစွာ အကောင်းဆုံးငြိမ်းချမ်းရေးရလဒ်ကို ရယူနိုင်ကြပါစေလို့ ဆန္ဒပြုလျက်။ ။

**ညိုထွေး**

www.facebook.com/themyawadydaily



# အခြေခံပညာအထက်တန်းကျောင်း(ရွှေနတ်တောင်)သို့ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများလှူဒါန်း

နေပြည်တော် ဩဂုတ် ၁

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း(ရွှေနတ်တောင်) အတွက် အလှူရှင်များက ကွန်ပျူတာနှင့် အလှူငွေများပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဝင်းနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ နယ်ခြားစောင့်တပ်မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး အလှူရှင်များက သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု ကွန်ပျူတာခုနစ်စုံနှင့် အလှူငွေများပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။




**အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဝင်းထံ အလှူရှင်တစ်ဦးက ကွန်ပျူတာ ပေးအပ်လှူဒါန်းစဉ်။**

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများ က ကျောင်းသား၊ ကျောင်းသူများ၏ ကွန်ပျူတာ သင်ကြားနေမှု၊ Language Lab အခန်းအတွင်း အင်္ဂလိပ်ဘာသာရပ်သင်ကြားနေမှုနှင့် KG တန်းသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှု ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# စစ်မှုထမ်းဟောင်းမိသားစုများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်ကျော် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။**

နေပြည်တော် ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ငါးကြီးတွေ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ စစ်မှုထမ်းဟောင်းမိသားစုများနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၄၅ ဦးကို ဇူလိုင် ၃၁ ရက်တွင် သွားရောဂါ၊ မျက်စိရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်ကျော်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာများကို တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံသို့ လွှဲပြောင်းကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ရေတာရှည်မြို့နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်ကျောင်းသား၊ ကျောင်းသူများအား စစ်မှုထမ်းဟောင်းရုံး၌ တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များပေးအပ်သည်။

ဆက်လက်၍ ငါးကြီးတွေ့ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိလာသအား သွားရောက်ဖူးမြော်၍ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မျှခြေ

➤ ကိုယ့်ဘက်ကိုယ်မျှ
ကြည့်ကြကြေးဆို ဘယ်လိုညှိစေ
အဖြေရယ်ဝေး သွေဖည်ပြေးလိမ့်။

➤ မျက်မှန်စိမ်းတပ် တံဆိပ်ကပ်လို့
ဘောင်ခတ်ပြောဆို ဘယ်လိုညှိစေ
အဖြေရှာမရ သွေခွာကြလိမ့်။

➤ ရံဖန်ရံခါ သာခြင်းနာခြင်း
လျော့တင်းပိုလို ရေတိုရေရှည်
ထိုဤထောက်ရှု ချင့်ချိန်ပြုလျှင်
သူ့မှာကိုယ်မှာ အရာရာဝယ်
နစ်နာကင်းလျက် အဖြေထွက်လိမ့်။

➤ သူ့ဘက်ကိုယ့်ဘက် ချိန်စက်နှိုင်းဖွေ
မျှခြေထိန်းညှိ အဖြေရှိသည်
မြင်ကြည့်ဆက်လှမ်းရဲရင့်စွာ။
လမင်းထောင်သောင်းထိန်ထိန်သာ။ ။

မောင်စိမ်းနောင်(လယ်ဝေး)




## နွားနို့တိုက်ပါ

ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေးကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့။


# SIM Card များကို စနစ်တကျမှတ်ပုံတင်၍ သုံးစွဲရန်ကိစ္စနှင့်စပ်လျဉ်း၍အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် အများပြည်သူလုံခြုံရေးကိုထိရောက်စွာအကာအကွယ်ပေးနိုင်ရန်၊ အများပြည်သူများအနေဖြင့် မိုဘိုင်းလ်ဖုန်းအသုံးပြု၍ Mobile Banking၊ Mobile Money၊ Online Shopping စသည့်ကိစ္စရပ်များပြုလုပ်ရာတွင် အသိအမှတ်ပြုပစ္စည်း (Identification Device)တစ်ခုအနေဖြင့် ဆက်စပ်အသုံးပြုနိုင်ရန်၊ SIM Card ပျက်စီး၊ ပျောက်ဆုံးမှုများဖြစ်ပေါ်ပါက အလွယ်တကူပြန်လည်ရရှိသုံးစွဲနိုင်ရန်တို့အတွက် မိုဘိုင်းလ်ဖုန်းသုံးစွဲသူများ၏ SIM Card များကို စနစ်တကျမှတ်ပုံတင်၍ သုံးစွဲခြင်း(SIM Card Registration)စနစ်အား စီစဉ်ဆောင်ရွက်လျက်ရှိသည်။

SIM Card များ Registration ပြုလုပ်ခြင်းသည် ပြည်သူလူထုတစ်ရပ်လုံးပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ဆက်သွယ်ရေးဝန်ဆောင်မှုပေးလျက်ရှိသည့် အော်ပရေတာများသို့လည်း SIM Card များ မှတ်ပုံတင်ခြင်း (SIM Card Registration) ကိစ္စအား မဖြစ်မနေပြုလုပ်ဆောင်ရွက်ရန် ညွှန်ကြားချက်များထုတ်ပြန်၍ဆောင်ရွက်စေခဲ့ပြီးဖြစ်သည်။

SIM Card များ Registration ပြုလုပ်ရန်အတွက် အောက်ပါအချက်အလက်များလိုအပ်မည်ဖြစ်ပါသည်-

၁။ အမည်
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(သို့)အခြားအကျုံးဝင်သည့်ကတ်ပြားအမှတ်၊ ကျောင်းသားကတ်၊ ယာဉ်မောင်းလိုင်စင်ကတ်၊ Passport No.(နိုင်ငံခြားသားများအတွက်သာ)
၃။ အမှတ်စဉ် (၂) ပါ ကတ်ပြားမိတ္တူ
၄။ အဘအမည်
၅။ မွေးသက္ကရာဇ်(ရက်/လ/ခုနှစ်)
၆။ လူမျိုး/နိုင်ငံသား
၇။ ကျား/မ
၈။ နေရပ်လိပ်စာ

ယခင်မှတ်ပုံတင်ပြီး SIM Card များအနေဖြင့် လက်ရှိသုံးစွဲသူအမည် မှန်ကန်ခြင်းမရှိလျှင်သော်လည်းကောင်း၊ မိမိအမည်ဖြင့်မှတ်ပုံတင်ထားရှိသော်လည်း မိမိကိုယ်တိုင်သုံးစွဲခြင်းမရှိတော့လျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာအော်ပရေတာများနှင့်ဆက်သွယ်၍ သုံးစွဲသူအမည်နှင့်အချက်အလက်များမှန်ကန်စွာ မှတ်ပုံတင်အသုံးပြုနိုင်ရေးဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုဘိုင်းလ်ဖုန်းသုံးစွဲသူများသည် မိမိတို့အသုံးပြုလျက်ရှိသည့် SIM Card များအား သက်ဆိုင်ရာအော်ပရေတာများနှင့်ဆက်သွယ်၍ မှတ်ပုံတင်ခြင်းပြုလုပ်ကြပါရန်နှင့် စနစ်တကျမှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များအား ၂၀၁၇ ခုနှစ်၊ မတ်လ၃၁ ရက်နေ့မှစတင်၍ ဝန်ဆောင်မှုပေးခြင်းယာယီရပ်ဆဲသွားမည်ဖြစ်ပြီး စနစ်တကျမှတ်ပုံတင်ပြီးမှသာ ပြန်လည်သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**နေပြည်တော်**

www.facebook.com/themyawadydaily

# ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ရောက်ရှိ



ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ Chairman Joint Chiefs of Staff Committee-CJCSC ဖြစ်သူ General Rashad Mahmood အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၁

ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ Chairman Joint Chiefs of Staff Committee-CJCSC ဖြစ်သူ General Rashad Mahmood ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလှည့်လည်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Ehsan Ullah Batthı စစ်သံမှူး Col. Azhar Yasin နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်သို့သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများပေးအပ်လှူဒါန်းပြီး ဒဂုံမြို့နယ်၊ ဇီဝကလမ်းရှိ စပါးရှားဂူဗိမာန်သို့သွားရောက်ဂါရဝပြုခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)







# ဖောင်းပြင်မြို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်း



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင် ဖောင်းပြင်မြို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၁

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖောင်းပြင်မြို့ပေါ်ရပ်ကွက်များအတွင်း ချင်းတွင်းမြစ်ရေဝင်ရောက်လျက်ရှိရာ ယနေ့နေ့လယ်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်နှင့်တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားသော တောင်ဇီလာကျောင်းတိုက် ကယ်ဆယ်ရေးစခန်းနှင့် အင်ကြင်းမြိုင်ရပ်ကွက် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့ပြင် တောင်ဇီလာကျောင်းတိုက်ဆရာတော်အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဖောင်းပြင်မြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများပေးအပ်ပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

နေပြည်တော် ဩဂုတ် ၁

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၁၆ ခုနှစ်၊ တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်စိုးနှင့်တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများမှ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တစ်ဦးချင်းဆုများ၊ အသင်းလိုက်ဆုများနှင့် ပထမဆုရရှိသော ဆုရအသင်းတို့အား ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်စိုး တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲတွင် ဆုရရှိသောအသင်းကို ဆုပေးအပ်စဉ်။

# ရေဝင်ရောက်မှုမရှိစေရေးအတွက် မြေနိမ့်ပိုင်းနေရာများအား သဲဖို့ခြင်းများဆောင်ရွက်



အင်းမတဝ်နယ်မှ တပ်မတော်သားများက ရွှေမျက်မှန်ဘုန်းကြီးကျောင်းဝင်းအတွင်း ရေဝင်ရောက်မှုမရှိစေရေးအတွက် မြေနိမ့်ပိုင်းနေရာများအား သဲဖို့ခြင်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁

ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ရွှေတောင်မြို့ အနိမ့်ပိုင်းရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများသည် ရွှေမျက်မှန်ဘုန်းကြီးကျောင်းဝင်းအတွင်းသို့ ကြိုတင်ရွှေ့ပြောင်းနေထိုင်လျက်ရှိရာ ၎င်းဘုန်းကြီးကျောင်းအတွင်း ရေဝင်ရောက်ခဲ့သဖြင့် အင်းမတဝ်နယ်မှ တပ်မတော်သားများက ရေထပ်မံဝင်ရောက်မှုမရှိစေရေးအတွက် သဲအိတ်များကာရံခြင်း၊ မြေနိမ့်နေရာများအားသဲဖို့ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်သရိုက်များ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အင်အားအသင့်အတင့်ရှိ မြေလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၁

ယနေ့ညနေ ၄ နာရီ ၃၁ မိနစ် ၀၈ စက္ကန့်အချိန်တွင် မန္တလေးမြေလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၉၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပခုက္ကူမြို့၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာ)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (၅၀၀)

◆ ဗုတီယသမ္မတမှ

ထို့ပြင် မြန်မာ့တန်ဖိုးထဲတွင် အဆို၊ အက၊ အရေး၊ အတီး အပါအဝင် အနုသုခုမပညာရပ်များပါဝင်ပါကြောင်း၊ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသား ဌေးရင်းသားရင်းအားလုံးတွင် သီးခြားစီထင်ရှားပေါ်လွင်သည့် အနုသုခုမ တေးဂီတနှင့် အဆို၊ အကများစွာရှိကြပါကြောင်း၊ ထို့ကြောင့် အဆို၊ အက၊ အရေး အတီးအပါအဝင် အနုသုခုမပညာရပ်များကို နောင်လာနောက်သားများ လက်ထက်အထိ အရှည်သဖြင့်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် တိုင်းပြည်အတွက်မဖြစ်မနေဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်တစ်ရပ်ဟုခံယူသည့်အတွက် စဉ်ဆက်...



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို ရှင်းလင်းတင်ပြစဉ်။ ဓာတ်ပုံ-ဖိုးဇော်



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဆွေးနွေးတင်ပြစဉ်။ ဓာတ်ပုံ-တင်ဦးဦး

ကောင်းမွန်၊ ပိုမိုတင့်တယ်အောင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းနှင့် ယခုကျင်းပမည့် ...

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ...

ဘဏ္ဍာငွေရရှိမှုကိုလည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ...

# ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုသည် ရွေးကောက်ပွဲ၏ အရည်အသွေးကို မြှင့်တင်ပေးသည့်နည်းလမ်းတစ်ခုဖြစ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ တာဝန်နှင့်အခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ-ကျော်လွင်

နေပြည်တော် ဩဂုတ် ၁

လာမည့်ရွေးကောက်ပွဲများ၌ မဲစာရင်းတိကျမှန်ကန်ရေးအတွက် အရပ်ဘက်လူမှု ...

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် နိုင်ငံ၏အောင်မြင်သော ...

ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာရှိမှုကို အကောင်းဆုံး ဖော်ညွှန်းပေးနိုင်သူများဖြစ်ပြီး စောင့်ကြည့်လေ့လာမှုသည်လည်း ရွေးကောက် ...

... ခဲ့ပြီး စောင့်ကြည့်လေ့လာမှုများကို ခွင့်ပြုခဲ့ပါကြောင်း၊ စောင့်ကြည့်လေ့လာသူများသည် ...

... မဲဆွယ်စည်းရုံးမှုနှင့် ကိုယ်စားလှယ်လောင်းများ၏ ငွေကြေးသုံးစွဲမှုကို ပိုမိုထိရောက်စွာ ...

... ခေတ်ပိုင်းအီးလေးရာကလည်းကောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ တာဝန် ...

... တွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို ပိုမိုဖိတ်ခေါ်သွားရန်စီစဉ်ထားကြောင်း သိရသည်။ (သတင်းစဉ်)



ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည်နယ်အထူးဒေသ(၄)မှ NDAA(မိုင်းလား)အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သောကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးစဉ်။

● ရှေ့ဖုံးမှအဆက်

နိုင်ငံတော်ကပိုင်ဆိုင်ကြောင်း၊ ယင်းတို့အား နိုင်ငံတော်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများ အသုံးချ ...

လာမည့်ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပရန် လျာထားချက်များ၊ ယင်းအပေါ် အထူးဒေသ(၄)အဖွဲ့အနေဖြင့် တက်ရောက် ...

အဝတောက်ခံပါတယ်"ဟု ပြောသည်။

"အထူးဒေသ(၄)အဖွဲ့က ငြိမ်းခဲ့တဲ့အစိုးရလက်ထက်မှာလည်း ပြည်နယ်အဆင့်၊ ပြည် ...

# ရေလွှမ်းမိုးမှုခံရသောဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေမြင့်တက်ခဲ့သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ...



စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေမှုကိုတွေ့ရစဉ်။

တစ်ဆင့်ကူးစက်တတ်သောရောဂါများဖြစ်ပေါ်နိုင်သဖြင့် ကျိုချက်ထားသော ရေ သို့မဟုတ် ကလိုရင်းဆေးခတ်ထား ...

ဂရုစိုက်ရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုဆောင်ရွက်ရန်နှင့် နာမကျန်းဖြစ်ပါက ကျန်းမာရေးဌာနတွင် ချက်ချင်းပြသ ...

www.facebook.com/themyawadydaily



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk



The construction site of a high-rise building seen in Yangon Region.

# High-rise constructors refuse to re-design their buildings

**Yangon August 1**

Constructors of suspended high-rise projects in Yangon said they would demand the region government to allow them to build according to original designs officially approved by the previous government.

A 13-member review committee appointed by the Yangon Region Government to review "high-rise" building projects (defined as structures with nine or more stories) ordered that 12 buildings currently undergoing construction to be reduced in height, adhere to original designs for car parking, and improve their safety standards.

Constructors said they followed the rules and regulations set by the previous government in their construction projects.

The committee—which includes architects, engineers, heritage experts and a region government minister—started inspecting the buildings in June, which range in height between 12 and 29 stories.

Since May, the Yangon City Development Committee (YCDC) has ordered the suspension of more than 200 high-rise buildings, many of which had received only initial and not final approvals from city authorities.

The review committee is still inspecting the remaining 185 high-rise buildings which had only received initial permission and will announce the inspection results soon. It said that it will not have a second thought about 12 suspended high-rise construction projects.

**447**

# Yangon radar to be operated as of October

**Yangon August 1**

Cyclone radar (Yangon radar)- a kind of Doppler Radar (S-Band), which is located in the compound of Meteorological Station (Lower Myanmar) on Kaba Aye Pagoda Road in Yangon Region, will be operated in October, according to the Department of Hydrology and Meteorology (Yangon-Kaba Aye).

"Construction process and installation of machinery have been finished cent per cent. We are now taking trial run to know the weak points of the machinery. If possible, we will launch the operation of the industry in coming October," said U Ye Htut, chief engineer of the Engineering Department under the Department of Hydrology and Meteorology.

Technicians from Japan Radio Co Ltd will give vocational trainings to Myanmar engineers and, also, they will work together with local engineers for one year, according to the Department of Hydrology and Meteorology.

The new radar system will provide more weather information and enable better calculations on weather conditions such as the emergence and location of thunderstorms or the chance of rain within 450 kilometres of Yangon.

Therefore, it is very convenient to prevent natural disasters.

Yangon radar was built in 2014 and the height of the building is taller than Kyaukphyu and Mandalay radars. The three radars in Yangon, Mandalay and Kyaukphyu are built by Japan Radio Co Ltd at a cost of US$-38.4 million.

Currently, the radar stations in Kyaukphyu and Yangon have been built and Mandalay Radar Station is still in the process of construction.

**Aung**

# Emerald green projects extended to 2,000 additional villages

**Yangon August 1**

The Rural Development Department said it will extend emerald green projects in more than 2,000 villages across the country during this fiscal year, said Dr. Zar Ni Min, deputy director of the department.

"We choose villages in accord with the desires of locals. It will be expanded in coming fiscal years. The department will spend more than Ks-6,000 million on the projects," he added.

It will be implemented in 20 villages in Nay Pyi Taw, 63 villages in Kachin State, 20 villages in Kayah State, 80 villages in Kayin State, 60 villages in Chin State, 140 villages in Sagaing Region, 30 villages in Taninthayi Region, 240 villages in Bago Region, 165 villages in Magway Region, 178 villages in Mandalay Region, 30 villages in Mon State, 104 villages in Rakhine State, 60 villages in Yangon Region, 420 villages in Shan State, 390 villages in Ayeyawady Region and 107 other needy villages.

Since 2014, the project has been launched in 1,150 villages in 45 districts and 125 townships across the country. About 70 per cent of the country's total population are living in the rural area.

According to the rural development strategic framework, priority is given to the 143 townships in 38 districts with the highest poverty rate.

As a pilot project, the department carries out the income-generating businesses and livelihood promotion for locals in 1,150 out of 11,004 villages in self-administrated regions and Nay Pyi Taw Council Area in 2014-2015 fiscal year.

**Thae Thae**

www.facebook.com/themyawadydaily

p-18.indd 1 8/1/2016 10:09:18 PM

# Urban development plan under way in three townships

**Yangon August 1**

The Asian Development Bank is drafting an urban development plan for Mawlamyine, Hpa-An and Myawady townships included in the Greater Mekong Sub-region (GMS) Corridor Towns Development Project. The Ministry of Construction will upgrade basic urban services in those townships from 2017 to 2021 with the Asian Development Fund's US$-80 million loan.

Country Director Winfried F. Wicklein from ADB said: "ADB will provide assistance for women empowerment. It will be implemented in Mawlamyine, Hpa-An and Myawady."

The urban plan covers investments in basic infrastructures and upgrade to urban services including water supply system, drainage system, flood-prevention measures and garbage collection system for households, waste management, urban sewage treatment system and the smooth flow of trade at border trade camps, the development of small- and medium-sized enterprises, market promotion and the development of markets and other infrastructures.

As a second project, infrastructural development of tourism industry in Mandalay and Mawlamyine will be carried out by taking loans. Thanks to it, Cambodia, Laos, Myanmar and Vietnam can promote their competition in tourism industry.

**Zarni**

# Nearly 400 households evacuated in Nyaung-U

**Yangon August 1**

Around 360 households in Nyaung-U Township in Mandalay Region were evacuated because of rising water level in the Ayeyawady River, according to Mandalay Region Relief and Resettlement Department.

Around 40 households from No. 4 Ward and 320 households in Sel Lan Village in Taungni Village-tract have been evacuated since July 28 because of the swelling Ayeyawady River, said an official of the Relief and Resettlement Department.

The department has provided four items of emergency reliefs such as clothes, towels and soap and the village is prone to floods every year when the river becomes swollen.

The water level has been rising in the Ayeyawady River and it has reached above danger level in Nyaung-U, Myitnge and Thabeikkyin townships as of July 28.

Mandalay Region Public Health Department has warned flooded villages and wards of dengue fever and diarrhoea and the Relief and Resettlement Department has also prepared emergency supplies for flood victims.

**Thae Thae**

# Powered craft transportation halted in Monywa because of swelling river



**Powered crafts seen in the Chindwin River.**

**Yangon August 1**

The private powered craft operation supervisory committee in Monywa has decided to extend the halt to the operation of powered crafts between Monywa and Upper Chindwin for further three days until August 4.

The decision followed the announcement of Department of Hydrology and Meteorology announced that the water level in the Chindwin River has exceeded its danger level of 1,000 centimetres by 58 centimetres in Monywa.

"Powered craft owners and concerned authorities met this morning and decided to extend the halt for three more days," said an official of the private powered craft operation supervisory committee.

The powered craft operation has been halted since July 11 for safety reason after the Chindwin River got swollen because of heavy rains.

**Phoe Chan (Monywa)**

# Flooding causes low yield of fruits in Rakhine State

**Yangon August 1**

Due to the flooding in Rakhine State in early July, orchards along the Laymyo River were destroyed and the yield of fruits is low at this time of moment, according to the owners of the orchards.

"Sweet lime, pummelo and lime are grown on commercial scale along the Laymyo River and flooding destroyed the perennial plants. Therefore, owners of the orchards have been facing difficulties for two consecutive years," said U Ye Thein, an owner of the orchard in Kongchaung Village, Mrauk-U Township.

"Flooding destroyed the plants for two consecutive years. Also, there is low yield due to the flooding this year," said U Ye Thein.

"Not only orchard owners but also other farmers faced the impact of the flood," said Ko Maung Chay, a farmer in Myatyeikkyun Village.

"If the farmlands are flooded, the farmers get paddy strains and agricultural loans. However, the owners of the orchards don't get loans and other supports to reinvest in the orchards after the flooding. If possible, the relevant officials should plan to give loans for the orchard owners," said Ko Maung Chay.

Most of the fruits produced from the orchards along the Laymyo River are transported and sold in Mrauk-U, Minbya, Sittwe, Buthitaung and Maungtaw townships.

**Aung**

# Hlaingthaya Industrial Zone to be upgraded

**Yangon August 1**

Yangon Region Chief Minister said at the meeting on July 30, plans are under way to upgrade the infrastructures in Hlaingthaya Industrial Zone like Thilawa Special Economic Zone, according to the officials of Industrial Zone Management Committee.

"Hlaingthaya Industrial Zone is the most developed industrial zone among the industrial zones in Yangon Region. However, the infrastructures of Hlaingthaya Industrial Zone such as electricity, water and transportation are lower in quality than the Thilawa Special Economic Zone," said U Myat Thin Aung, former chairman of Hlaingthaya Industrial Zone Management Committee.

"Most of the infrastructures are usually upgraded on a self-help basic financially. The detailed plans need to be discussed," said U Ohn Sai, chairman of Hlaingthaya Industrial Zone Management Committee.

"When we invite the foreign investments, the infrastructures such as electricity, transportation and water and disposal of waste water are important," said U Ohn Sai.

**Aung**

## Job fairs and conferences help develop maritime human resources

**Yangon August 1**

The country should frequently hold job fairs and conferences for human resources development in local maritime sector, captain Kyaw Mya Oo from Myanmar Seafarers Employment Services Federation(MSESF) said.

"I would like to thank the government for ratifying the Maritime Labour Convention on 25 May under the government's 100-day plan. We can see progress within one year as the government has one year to perform works. Since August 2013, the government has been giving protection to local seamen in accord with the international maritime law," he added.

"Supply exceeds demand in the marintime sector. It can enable those who come to the talks to change their thoughts and ideas and make them understand the fact that there are many other employment opportunities in maritime industry." captain Zaw Win Aye from the ABS Quality Evaluations Lead said.

**Maung Myo (Ayeyawady)**

# Exercising four times a week could stop dementia: Participants with early stages of conditions had symptoms reversed after regular gentle exercise

- **People with mild cognitive impairment saw improvement over six months**
- **Showed significant increase in brain size after undergoing exercise routine**
- **Demonstrated better ability to plan, multi-task and carry out daily activities**
- **Blood flow to the brain increased and showed lower levels of protein 'tau'**



People with mild cognitive impairment – often the first stages of dementia – showed significant increase in brain size when they underwent a six-month exercise programme.

Exercising four times a week could reverse the early stages of dementia, according to the dramatic results of a new study.

People with mild cognitive impairment – often the first stages of dementia – showed significant increase in brain size when they underwent a six-month exercise programme.

The participants, whose brain power and memory were declining before they started the programme, saw some of these symptoms reversed - demonstrating improvements in their ability to plan, multi-task and carry out normal daily activities.

Blood flow to the brain increased and they showed lower levels of a protein called tau, which attacks brain cells and is thought to play a role in Alzheimer's disease.

The volunteers, who were aged 55 to 89, carried out 45 minutes of intensive exercise in a gym four times a week – in which they had to get their heart rate up to at least 70 per cent of its maximum. For most people, that is the heart rate achieved by a gentle jog.

A second group, who simply did gentle stretches, showed none of the improvements seen by the first.

Their brains shrank, blood flow to the brain remained poor, and their ability to carry out normal tasks continued to decline as it had before. Their tau levels did not decrease.

Doctors have long urged people to exercise throughout their lives, pointing out that physical fitness can reduce the risk of dementia and other illnesses.

But this is the first time that experts have found such strong evidence that exercising can actually be used to treat dementia once it has struck.

Scientists have spent decades researching drugs for dementia, and although some are making progress, there is still no treatment available to patients which can truly slow down the disease.

Study leader Professor Laura Baker, of Wake Forest School of Medicine in North Carolina, said she is trying to find out whether exercise could be a better type of treatment than any drug.

Presenting her findings at the Alzheimer's Association International Conference in Toronto, she said: 'If you could bottle all of these effects and put it in a pill, would we be in a different place now?'

But she said it is important to supervise the exercise sessions, at least initially.

'These people are sedentary, they have mild cognitive impairment, they are not going to do this on their own,' Professor Baker said.

The participants were fully supervised for the first two weeks, after which they were only supervised once a week. And 91 per cent of the participants fully completed the programme.

The researchers also investigated whether exercise could reverse the symptoms of Alzheimer's disease – a vicious and advanced form of dementia.

They repeated the same exercise programme among 76 patients with Alzheimer's.

Although the results were not as dramatic as among the patients with mild cognitive impairment, there were hints that it was beginning to have an effect.

Scans showed that part the brain - the hippocampus which is crucial for thought and emotion – had grown among patients who had undergone the exercise programme. There was no improvement in memory, but decline was slower among those who carried out aerobic exercise than those who simply did the stretching.

Professor Baker said it may simply take longer than six months to have an effect on memory for Alzheimer's disease. Her team is now repeating the trial on a much larger group, a trial involving more than 200 scientists and thousands of patients across the USA.

Dr. James Pickett, head of research at the Alzheimer's Society, said: 'This research suggests that it's never too late to take up exercise when you can.

'When we think of new treatments for memory problems, we should make sure that we consider things alongside drugs. Whilst exercise is increasingly thought to help reduce dementia risk, some new evidence indicates that it could also benefit people who are already experiencing memory problems by helping to slow development of dementia symptoms.'

Dr. Laura Phipps of Alzheimer's Research UK added: 'Many people are aware that regular aerobic exercise can help to improve cardiovascular health, but it has also been linked with a healthy brain and a reduced risk of developing diseases like Alzheimer's.

'It's not easy to carry out trials of exercise programmes, but the results of these studies will help to build a clearer picture of the potential of such an approach. With limited treatment options for people with memory decline or dementia, it's important to explore a range of possible therapeutic approaches.'

**Mail Online**

# False megaquake alert shakes Tokyo

**Tokyo August 1**

A false warning of a megaquake about to strike Tokyo was issued by Japan's weather agency and quickly cancelled on Monday, but not before terrifying users of a smartphone app who received it. Users of the Yurekuru disaster warning app were told that a magnitude 9.1 earthquake was about to hit the sprawling metropolis shortly after 5 pm (0800 GMT) with an alert reading "Earthquake! Earthquake!".

But the expected shaking never came and the phones of nearby users of similar early warning apps remained silent. Japan's Meteorological Agency had sent and immediately withdrawn the alert, but the cancellation did not reach some app operators in time, a spokesman for the agency said.

"We are now investigating how the false information was sent out," he added.

The agency's website later said that it received the quake data from a seismometer east of Tokyo.

"When I saw the Yurekuru app screen, I prepared to die," read a tweet in Japanese from one user.

"Yeah okay this was fake but it scared the hell out of me," said another in English.

Yurekuru is a popular disaster-warning app in quake-prone Japan, and its operator says at least five million people have downloaded it.

Such apps became popular in the aftermath of a massive undersea earthquake that struck the country in March 2011. The magnitude 9.0 quake sent a tsunami barrelling into Japan's northeastern coast, leaving more than 18,000 people dead or missing, and sending three reactors into meltdown at the Fukushima nuclear plant.

A nationwide drill is held annually on September 1, known in Japan as Disaster Prevention Day, which comes on the anniversary of the 1923 Great Kanto Earthquake that killed more than 100,000 people and levelled Tokyo. Japan sits at the junction of four tectonic plates, but most earthquakes, even moderately strong ones, do little major damage nowadays thanks to rigid building codes. Due to the mistaken warning, which was also sent to some transportation operators, a small number of subway and commuter train lines in Tokyo were briefly stopped.

**AFP**

# Yingluck rice scheme cost Thailand $-8 billion: junta

**Bangkok August 1**

Thailand's military rulers Monday said a rice subsidy scheme by the government it ousted cost the state more than $-8 billion, adding former leader Yingluck Shinawatra should be personally sued for the loss.

Yingluck, Thailand's first female premier, was booted from office by a court days before army chief Prayut Chan-O-Cha seized power in May 2014.

The rice scheme was a major catalyst in months of debilitating protests that led to the military takeover.

She has since been retroactively impeached over the scheme and is currently undergoing a separate criminal negligence trial which could see her jailed for up to ten years.

Now the junta says it will push a civil damages case against her and some key former ministers.

"A fact-finding committee panel... has found that the damage cost of rice pledging scheme was 286.6 billion baht ($-8.2 billion)," Panada Disakul, a minister to the Prime Minister's Office, told reporters, the first time a hard figure has been given for the losses.

Yingluck, whose older brother Thaksin Shinawatra was booted out as premier by a 2006 coup, is accused of failing to halt rampant corruption in the multi-billion dollar subsidy.

She is expected to appear in court on Friday to begin laying out her defence in the ongoing criminal trial.

The scheme offered farmers nearly double the market rate for their crop, pumping billions of dollars into the Shinawatras' key support base in the country's northeastern rice bowl.

But the programme was panned by critics as financially ruinous and a naked attempt at vote-buying by the Shinawatra clan.

The former premier denies wrongdoing and says the scheme was a genuine attempt to help rice farmers, mainly in the poor, populous and long-neglected north and northeast.

But the policy led to a 40 per cent fall in Thai rice exports after the government hoarded rice in a bungled attempt to push up its global price to fund the policy.

That led to massive stockpiles as markets turned away from the Thai grain, costing the country its title as the world's top rice exporter.

Yingluck says the case against her is a politically motivated attack on her family who are loved among rice farmers.

The Shinawatra's electoral dominance over the past decade has rattled Thailand's Bangkok-based elite.

The siblings are the figureheads of Thailand's democracy movement, which has floundered for nearly a century under an arch-royalist elite desperate to retain power.

Fearful of a political comeback, the junta has tried to tangle Yingluck in legal rulings.

Economists have also accused the junta of adopting some of the Shinawatras more populist fiscal policies, including paying above market rates for rubber amid a global price slump. **AFP**

# S. Korea says North hacked government e-mails

**Seoul August 1**

Seoul prosecutors on Monday accused North Korea of hacking into the email accounts of dozens of South Korean government officials this year, the latest in the series of suspected cyber attacks by Pyongyang.

Investigations showed a "suspected North Korea-operated group" attempted to hack into the emails of 90 people -- including officials at the foreign, defence and unification ministries -- from January to June, the Supreme Prosecutors' Office said in a statement.

"The passwords of 56 accounts were stolen," the statement said.

The hackers set up 27 phishing sites in January posing as popular portals like Google and South Korea's Naver, as well as government and university websites, to steal the passwords.

The prosecutors said the malicious codes used in the latest attack were the same as the ones used by North Korea in previous attacks on the South.

An investigation is still ongoing to see if any confidential information may have been leaked.

The latest cyber attack comes just days after South Korean police said the North stole the personal data of over 10 million customers at South Korean online shopping mall Interpark.

Interpark was unaware about the attack until July 11, when it was blackmailed with threats to publicise the leaked data unless the company paid three billion won (US$-2.7 million).

The National Police Agency said the North's main spy agency -- the Reconnaissance General Bureau -- had organised the hack in a bid to earn hard currency.

Tensions on the divided Korean peninsula have been running high since Pyongyang carried out its fourth nuclear test in January, followed by a series of ballistic missile tests.

The provocations have put North Korea under the toughest sanctions yet from the United Nations as well as mounting individual sanctions by countries like the US, South Korea and Japan.

Seoul has in recent years blamed the North's hackers for a series of cyber attacks on military institutions, banks, state agencies, TV broadcasters, media websites and a nuclear power plant. The North operates an army of more than 1,000 hackers who stage hacking or cyber attacks targeting Seoul's major institutions or key officials, according to the South's spy agency. **AFP**

# 5 killed as Russian military chopper shot down in Syria: Kremlin



The Kremlin said the transport helicopter was shot down over the Syrian province of Idlib while delivering humanitarian aid to Aleppo. (Photo-AFP)

**Moscow August 1**

All five people on board a Russian military helicopter that was shot down over Syria on Monday are believed to have died, the Kremlin said.

The Russian defence ministry said the Russian military helicopter was shot down over the Syrian province of Idlib.

"A Russian Mi-8 military transport helicopter was shot down from the ground in Idlib province after delivering humanitarian aid to Aleppo," the ministry said in a statement.

"There were three crew members and two officers from the Russian reconciliation centre in Syria on board," it said.

Kremlin spokesman Dmitry Peskov expressed condolences over the deaths of the five soldiers.

"As far as we know from the information we've had from the defence ministry, those in the helicopter died, they died heroically, because they were trying to move the aircraft away to minimise victims on the ground," he told journalists.

Photos shared widely on social networks by Syrian opposition activists on Monday purported to depict the smoking craft in the desert and personal belongings of those inside, including Russian drivers' licences, passports and insurance cards, as well as Orthodox Christian icons. The authenticity of the pictures could not be independently confirmed.

The Monday downing brought the toll for Russian soldiers killed in the Syrian conflict to 18. In the most recent death, contract soldier Nikita Shevchenko was killed in a mine blast in Aleppo province while accompanying an aid convoy, the ministry said on July 22. **AFP**

# Clinton leads Trump by seven points: poll

**Washington August 1**

Hillary Clinton got a four-point bounce in support after the Democratic National Convention and now leads Donald Trump by seven points in the race for the White House, says a poll released Monday.

Clinton's lead over the Republican Trump is 46 per cent to 39 per cent, according to the CBS News poll.

After the Republican convention, prior to the Democratic one, Trump got a two-point bump and the race was tied, CBS said.

One of Clinton's biggest problems -- Americans' negative view of her -- remains, but it has eased somewhat since the convention last week in Philadelphia, the survey suggested.

Fifty per cent of registered voters have a negative opinion of Clinton compared to 36 per cent who view her positively, the poll said. That positive number is up five points and the negative one is down six, it added. Thirty-one per cent of voters have a positive opinion of Trump, which is about the same as before the Republican convention, according to CBS. Fifty-two per cent see him negatively.

**AFP**

## အစိုးရတာဝန်ရှိသူများ၏ အီးမေးလ်အကောင့်များကို မြောက်ကိုရီးယားခိုးယူခဲ့ဟု တောင်ကိုရီးယားပြောကြား



ဆိုးလ် ဩဂုတ် ၁

မြောက်ကိုရီးယားသည် ယခုနှစ်အတွင်း တောင်ကိုရီးယားအစိုးရတာဝန်ရှိသူများ၏ အီးမေးလ်အကောင့်များကို ခိုးယူခဲ့ကြောင်း တောင်ကိုရီးယားအစိုးရရှေ့နေများက စွပ်စွဲပြောကြားထားသည်။

မြောက်ကိုရီးယားနိုင်ငံမှဟု ယူဆရသောအဖွဲ့တစ်ဖွဲ့သည် ယခုနှစ်ဇန်နဝါရီလမှဇွန်လအထိ တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအပါအဝင် လူ ၉၀ နီးပါး၏အီးမေးလ်အကောင့်များကို ခိုးယူရန်ကြိုးပမ်းခဲ့ကြောင်း စုံစမ်းစစ်ဆေးချက်အရ သိရသည်ဟု အစိုးရရှေ့နေချုပ်ရုံးက အစီရင်ခံစာတစ်စောင်တွင် ပြောကြားထားသည်။

ထို့ပြင် အီးမေးလ်အကောင့် ၅၆ ခု၏ password များအခိုးခံခဲ့ရကြောင်း ၎င်းအစီရင်ခံစာတွင်ဖော်ပြထားသည်။ ဟက်ကာများသည် password များကို ခိုးယူရန် နာမည်ကျော် Google နှင့်တောင်ကိုရီးယား၏ Naver ဝက်ဘ်ပေါ်တယ်များအပြင် အစိုးရနှင့် တက္ကသိုလ်ဝက်ဘ်ဆိုက်များနှင့်ဆင်တူသည့် ဝက်ဘ်ဆိုက်အတု ၂၇ ခုကိုဖန်တီးခဲ့ခြင်းဖြစ်သည်။

ဟက်ကာများ နောက်ဆုံးအသုံးပြုခဲ့သော ကုတ်များသည် တောင်ကိုရီးယားအား မြောက်ကိုရီးယားကလုပ်ဆောင်ခဲ့သော ပြီးခဲ့သည့် ဆိုက်ဘာတိုက်ခိုက်မှုတွင်အသုံးပြုသော ကုတ်များနှင့်အတူတူပင်ဖြစ်ကြောင်း အစိုးရရှေ့နေများက ပြောကြားခဲ့သည်ဟုသိရသည်။

***Ref: Agence France-Presse***

## ဒေါ်နယ်လ်ထရမ့်ပ်က ပူတင်၏သစ္စာခံဖြစ်ဟု ဟီလာရီကလင်တန်စွပ်စွဲ



ဝါရှင်တန် ဩဂုတ် ၁

ဒီမိုကရက်တစ်ပါတီမှ အမေရိကန်သမ္မတလောင်း ဟီလာရီကလင်တန်က ၎င်း၏ပြိုင်ဘက်ဖြစ်သော ရီပတ်ဘလစ်ကန်ပါတီမှ သမ္မတလောင်း ဒေါ်နယ်ထရမ့်ပ်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်၏ သစ္စာခံဖြစ်သည့်အတွက် နိုင်ငံ၏အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်ရကြောင်း စွပ်စွဲပြောကြားထားသည်ဟု သိရသည်။

ထရမ့်ပ်သည် ရုရှားသမ္မတပူတင်ကို အပြည့်အဝထောက်ခံသူဖြစ်ပြီး ၎င်းသာ နိုင်ငံ၏ခေါင်းဆောင်ဖြစ်လာပါက ယူကရိန်းနိုင်ငံ ခရိုင်းမီးယားဒေသအရေးနှင့် စပ်လျဉ်း၍ အမေရိကန်နှင့်ဥရောပနိုင်ငံများက ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ထားခြင်းကိုဖယ်ရှားနိုင်ဖွယ်ရှိကြောင်း ဟီလာရီကလင်တန်က ပြောကြားသည်။

ထို့ပြင် ထရမ့်ပ်သည် ပူတင်ကို အလွန်အကျူးချီးမွမ်းထားကြောင်းနှင့် ရုရှားသမ္မတ၏သစ္စာခံတစ်ယောက်ဖြစ်သည်ဟု ထင်မြင်ယူဆမိကြောင်း ဟီလာရီကလင်တန်က ဆက်လက်ပြောကြားသည်။

ဟီလာရီကလင်တန်၏ မဲဆွယ်စည်းရုံးရေးအတွက် အသုံးပြုသောကွန်ပျူတာစနစ်များကို ဟက်ကာတစ်ဦးကပစ်မှတ်ထား၍ ဆိုက်ဘာတိုက်ခိုက်ခဲ့ခြင်းသည် ရုရှားထောက်လှမ်းရေးဌာန၏ လက်ချက်ဖြစ်ကြောင်း ၎င်းက စွပ်စွဲပြောကြားထားသည်။

သို့သော် ထရမ့်ပ်က ဟီလာရီကလင်တန်၏စွပ်စွဲချက်များကိုငြင်းဆိုခဲ့ပြီး ရုရှားသမ္မတပူတင်သည် ၎င်း၏ စံပြပုဂ္ဂိုလ်ဖြစ်သော်လည်း အဆက်အသွယ်လုံးဝမရှိကြောင်းနှင့် ပူတင်အား ယခင်ကချီးကျူးပြောဆိုခဲ့ခြင်းသာဖြစ်ကြောင်း ပြန်လည်ချေပခဲ့သည်ဟု သိရသည်။

***Ref: PTI***

## အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးကြေညာရန်ဆန္ဒရှိဟု ဖိလစ်ပိုင်သူပုန်အဖွဲ့ပြောကြား

မနီလာ ဩဂုတ် ၁

ဖိလစ်ပိုင်သမ္မတ ဒူတာတေက သူပုန်များနှင့်အပစ်အခတ်ရပ်စဲရေးကို ဇူလိုင် ၃၀ ရက်တွင် ရုပ်သိမ်းခဲ့ပြီးနောက် မိမိတို့အနေဖြင့် အပစ်အခတ်ရပ်စဲကြောင်း ထုတ်ပြန်ကြေညာသွားမည်ဟု ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ CPP က ဇူလိုင် ၃၀ ရက်တွင် ပြောကြားသည်။

ဩဂုတ် ၂၀ ရက်မှ ၂၇ ရက်ထိ နော်ဝေနိုင်ငံ အော်စလိုမြို့၌ပြန်လည်ပြုလုပ်မည့် အစိုးရအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကို အထောက်အကူပြုသည့်အနေဖြင့် အပစ်အခတ်ရပ်စဲရေးကိုထုတ်ပြန်ကြေညာရန် ဆန္ဒရှိကြောင်း CPP ဗဟိုကော်မတီက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှု အခြေခံအကြောင်းရင်းများနှင့်ပတ်သက်၍ ဆွေးနွေးရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြန်လည်ပြုလုပ်ရေးကို ထောက်ခံကြောင်းနှင့် အစိုးရအဖွဲ့အနေဖြင့် ဖမ်းဆီးထိန်းသိမ်းထားသော ကွန်မြူနစ်ပါတီမှ အကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးမည်ဟု မျှော်လင့်ကြောင်း CPP က ပြောကြားသည်။

ဇူလိုင် ၂၅ ရက်က သမ္မတဒူတာတေ၏ အပစ်အခတ်ရပ်စဲရေးကြေညာမှုကို လက်ခံကြိုဆိုခဲ့ကြောင်း၊ ယခုအခါ အဆိုပါကြေညာချက်ပြန်လည်ရုပ်သိမ်းမှုမှာ ဆိုးရွားသောလုပ်ရပ်ဖြစ်ကြောင်း၊ သို့သော် ထိုသို့ ကြေညာချက်ပြန်လည်ရုပ်သိမ်းမှုကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှုအပေါ် သက်ရောက်မှုရှိမည်မဟုတ်ဟု ယုံကြည်ကြောင်း CPP ကပြောကြားခဲ့သည်ဟု သိရသည်။

***Ref: Newsnow(KT)***

## လေယာဉ်အိမ်သာအတွင်း ဘိန်းဖြူ ၆ ကီလိုဂရမ် တွေ့ရှိမှုဖြင့် အမှုထမ်း ၁၂ ဦးကို ပါကစ္စတန်ဖမ်းဆီး

ကရာချိ ဩဂုတ် ၁

ပါကစ္စတန်အစိုးရသည် အာရပ်ဇော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့သို့ထွက်ခွာမည့် နိုင်ငံပိုင်လေကြောင်းမှလေယာဉ်တစ်စင်း၏ အိမ်သာအတွင်း၌ ဘိန်းဖြူ ၆ ကီလိုဂရမ်အားတွေ့ရှိခဲ့ပြီးနောက် လေယာဉ်အမှုထမ်း ၁၂ ဦးကိုဖမ်းဆီးခဲ့ကြောင်း ဩဂုတ် ၁ ရက် ထုတ်ပြန်ချက်အရ သိရသည်။

လာဟိုးမှဒူဘိုင်းမြို့သို့ထွက်ခွာမည့် ပါကစ္စတန်အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (PIA)မှ ၎င်းလေယာဉ်ကို စစ်ဘက်၏မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတပ်ဖွဲ့က ဇူလိုင် ၃၀ ရက်တွင် ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာမှ ဘိန်းဖြူများကိုတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း လေကြောင်းလိုင်းပြောရေးဆိုခွင့်ရှိသူ ဒန်ယယ်ဂီလာနီက ပြောကြားသည်။

ဘိန်းဖြူသိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ ၎င်းလေကြောင်းလိုင်းမှ အမှုထမ်း ၁၂ ဦးကို တာဝန်ရှိသူများကဖမ်းဆီးခဲ့ပြီး စစ်ဆေးမေးမြန်းမှုများလုပ်ဆောင်လျက်ရှိကြောင်း၊ အကယ်၍ အပြစ်ရှိကြောင်းတွေ့ရှိခဲ့ပါက အရေးယူမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂီလာနီက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်ဖွန်လကလည်း PIA လေကြောင်းလိုင်းသည် မိုဘိုင်းလ်ဖုန်းများနှင့်နိုင်ငံခြားငွေကြေးများကို မှောင်ခိုကူးရန်စွပ်စွဲချက်ဖြင့် ဗြိတိန်၌ဖမ်းဆီးခံခဲ့ရသော လေယာဉ်အမှုထမ်းငါးဦးကို အလုပ်ဖြုတ်ခဲ့ကြောင်းသိရသည်။

***Ref: Reuters***



## ရုရှားစစ်ရဟတ်ယာဉ်တစ်စင်းကို ဆီးရီးယားသူပုန်အဖွဲ့ပစ်ချ ငါးဦးသေဆုံး



ဒမတ်စကပ် ဩဂုတ် ၁

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ အတိုက်အခံသူပုန်အဖွဲ့သည် ရုရှားစစ်ဘက်ရဟတ်ယာဉ်တစ်စင်းကိုပစ်ချခဲ့ရာ ၎င်းလေယာဉ်ပေါ်တွင်လိုက်ပါလာသူငါးဦးစလုံး သေဆုံးခဲ့ကြောင်း ရုရှားအစိုးရက ဩဂုတ် ၁ ရက်တွင်ပြောကြားသည်။

အဆိုပါ Mi-8 အမျိုးအစားစစ်ရဟတ်ယာဉ်သည် အိုင်းဒလစ်ဘ်ပြည်နယ်၌ ပစ်ချခံခဲ့ရခြင်းဖြစ်ပြီး ယင်းရဟတ်ယာဉ်သည် နိုင်ငံအနောက်မြောက်ပိုင်း အလက်ပိုမြို့သို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့ပြီးနောက် ပြန်လာစဉ် သူပုန်အဖွဲ့က မြေပြင်မှပစ်ချခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကိုကိုးကား၍ ဆီးရီးယားနိုင်ငံပိုင် SANA သတင်းဌာနက ဖော်ပြထားသည်။

၎င်းရဟတ်ယာဉ်ပေါ်တွင် ရုရှားအမှုထမ်းသုံးဦးနှင့် အရာရှိနှစ်ဦးလိုက်ပါလာရာ ၎င်းတို့သေဆုံးခြင်းနှင့်ပတ်သက်၍ များစွာဝမ်းနည်းကြောင်း ကရင်မလင်နန်းတော်မှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်က ပြောကြားသည်။

ထို့နောက် ဆီးရီးယားသူပုန်အဖွဲ့သည် ရုရှားစစ်ရဟတ်ယာဉ်ပျက်ကျပြီး နာရီပိုင်းအတွင်း၌ ရဟတ်ယာဉ်ပျက်ကျသည့်ဗီဒီယိုဖိုင်ကို လူမှုကွန်ရက်စာမျက်နှာတစ်ခုတွင် ဖော်ပြခဲ့ကြောင်း သိရသည်။

***Ref: Xinhua, NDTV***

# မလေးရှား၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ချမှတ်လိုက်သောပြင်းထန်သည့်မူဝါဒ




မလေးရှားနိုင်ငံ၌ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက ပါလီမန်က အစိုးရကို အပြင်းအထန်တိုက်တွန်းခဲ့သော လုံခြုံရေးဥပဒေသစ်တစ်ခု စတင်အသက်ဝင်လာပြီဖြစ်သည်။ မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်၏လုပ်ပိုင်ခွင့်ကို အမြင့်ဆုံးအခြေအနေအထိတိုးမြှင့်လိုက်သည့် ဥပဒေတစ်ခုအဖြစ်လည်း ဝေဖန်ခံနေရပြီး နိုင်ငံတွင်းရှိ မည်သည့်နေရာ၌မဆို အရေးပေါ်အခြေအနေမာရှယ်လော ချက်ချင်းထုတ်နိုင်သည်အထိ ထိုဥပဒေသည် အာဏာသက်ရောက်လှသည်။

ထို့ကြောင့် နာဂျစ်ရာဇတ်၏တိုက်ရိုက်အမိန့်ဖြင့် မလေးရှားရဲများ မည်သည့်ဝရမ်းမျှမပါဘဲ ကား၊ ရထား၊ အိမ်နှင့်နိုင်ငံတွင်းရှိ မည်သည့်နေရာမှ မည်သူ့ကိုမဆို စစ်ဆေးခွင့်ရရှိတော့မည်ဖြစ်သည်။ အကြမ်းဖက်မှုတိုက်ဖျက်ရန်ဟူသောခေါင်းစဉ်နှင့် ပေါ်လာသည့် ယင်းဥပဒေသည် ဝန်ကြီးချုပ်ရာဇတ်အတွက် အလွန်အဆင်ပြေလွန်းလှသည်။ ခေါင်းစဉ်အရ အတိုက်အခံများကိုလည်း ထိုဥပဒေကိုအသုံးချပြီး တစ်ခါတည်းဖိနှိပ်ပြီးသားဖြစ်၍ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဖြစ်သည်ဟု အများစုကဆိုသည်။

နာဂျစ်ရာဇတ်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံလာဘ်စားမှုဖြင့် ၂၀၁၅ ခုနှစ်ကတည်းက နာမည်ကြီးနေခဲ့သူဖြစ်ပြီး အတိုက်အခံများကြောင့် ဝန်ကြီးချုပ်ရာထူးက နုတ်ထွက်ရဖို့အထိ ဖိအားပေးခံခဲ့ရသူလည်းဖြစ်သည်။ ထို့ကြောင့် ယခုသူ၏အခွင့်ထူးခံအကြမ်းဖက်တိုက်ဖျက်ရေးဥပဒေကိုအသုံးချပြီး အတိုက်အခံများကို တစ်ဖန်ပြန်လည်နှိပ်ကွပ်မည်ကို စိုးရိမ်နေရခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏ အရှေ့တောင်အာရှလူ့အခွင့်အရေးအကြီးအကဲ လောရန့်မီလန်ကတော့ ယင်းဥပဒေသစ်သည် တည်ငြိမ်နေသည့် လူ့အဖွဲ့အစည်းကို ပျက်ပြားစေနိုင်သည့် ဥပဒေတစ်ခုအဖြစ်မြင်သည်ဟု ဆိုထားပြီး လူ့အခွင့်အရေးအတွက် အကြမ်းဆုံးဥပဒေတစ်ခုဖြစ်သည်ဟုလည်းဆိုသည်။ နာဂျစ်ရာဇတ်ကတော့ မလေးရှားပြည်သူများ၏လုံခြုံရေးကို ထိပါးလာသည့်အရာမှန်သမျှကို တာဝန်ယူရမည့်သူသည် သူပင်ဖြစ်သည်။ သူ့တွင်တာဝန်အရှိဆုံးဖြစ်သည်။

ထို့ကြောင့် သူ့ပြည်သူများအတွက် ချမှတ်ထားသည့် ယင်းဥပဒေကြောင့် မည်သူ၏ဝေဖန်မှုကိုမျှ ဂရုစိုက်မည်မဟုတ်ဘဲ မည်သူ့ကိုမျှလည်း တောင်းပန်မည်မဟုတ်ကြောင်း ရှင်းလင်းပြတ်သားစွာပြောကြားထားသည်။

မလေးရှားနိုင်ငံ၌ အစ္စလာမ်ဘာသာဝင်အများဆုံးနေထိုင်သည့် နိုင်ငံဖြစ်သောကြောင့် IS တို့၏ အဓိကဝါဒဖြန့်ခံခဲ့ရသည့် ပစ်မှတ်တစ်ခုလည်းဖြစ်ခဲ့သည်။

မကြာမီကပင် မလေးရှားမြေ၌ IS တို့ အောင်မြင်စွာအကြမ်းဖက်နိုင်ခဲ့သည်။ ကြိုတင်ကြံစည်မှုပေါင်း ဆယ်နှင့်ချီ၍ ရှိသည်ကိုလည်း မလေးရှားရဲများကဖမ်းဆီးနိုင်ခဲ့ပြီး အကြမ်းဖက်ဝါဒရှင်သန်နေဆဲနိုင်ငံအဖြစ် သတ်မှတ်ခံထားရသည့် နိုင်ငံလည်းဖြစ်နေသည်။ အင်ဒိုနီးရှားပြီးလျှင် မလေးရှားသည် ဆီးရီးယားနှင့် အီရတ်သို့သွားရောက်ပူးပေါင်းခဲ့သူအများဆုံး အရှေ့တောင်အာရှမှ ဒုတိယနိုင်ငံဖြစ်သည်။

မလေးရှားလူမျိုး ၅၀၀ ကျော်အထိ IS တို့နှင့်ပူးပေါင်းခဲ့ပြီး ယခုပြည်တော်ပြန်အကြမ်းဖက်သမားများက အစီအစဉ်တကျလှုပ်ရှားနေခြင်းဖြစ်သည်။ ဆီးရီးယားရှိ IS ဌာနချုပ်က အမှုန့်ကြေနေသလောက် ပြည်ပအကြမ်းဖက်မှုများက IS လက်သစ်များကြောင့် ပိုမိုနာမည်ရလာနေသည်။ ဥရောပ၊ အမေရိကနှင့် အာရှနေရာအားလုံးသည် ယင်း IS တို့၏ အကြမ်းဖက်နိုင်သည့်နေရာများ ဖြစ်သွားပြီဖြစ်သည်။

ပြင်သစ်၊ ဂျာမနီ၊ အမေရိကန်နှင့် ရုရှားကဲ့သို့သော လုံခြုံရေးအားအကောင်းဆုံးနိုင်ငံများပင် ယခု IS လက်သစ်များ၏ အကြမ်းဖက်ဒဏ်ကို ကောင်းကောင်းကြီးခံစားနေရသည်။ ထို့ကြောင့် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးကို ပူးပေါင်းပြီး အချိန်နှင့်တစ်ပြေးညီ မာရှယ်လောထုတ်ကာ အကြမ်းဖက်မှုကို သုတ်သင်ရှင်းလင်းမည့် စီမံကိန်းများရေးဆွဲနေခြင်းဖြစ်သည်။

ယခုမလေးရှားကတော့ ထိုဥပဒေကို နိုင်ငံအဆင့်ဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်သည်။ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်သာ ပုဂ္ဂိုလ်ရေးကိုမကြည့်ဘဲ နိုင်ငံ့လုံခြုံရေးအတွက်သာကြည့်ပြီး ဆောင်ရွက်ပါက မလေးရှား၌ အကြမ်းဖက်မှုရာခိုင်နှုန်းကျိန်းသေပေါက် လျော့နည်းသွားမည်ဖြစ်သည်။ သို့သော်လည်း ပုဂ္ဂိုလ်ရေးအသုံးချမှုပါဝင်လာခဲ့ပါက ဥပဒေနှင့်အညီဆိုသည့် စကားများနှင့် နိုင်ငံလုံခြုံရေးဟူသည့်စကားများကြောင့် ပြည်သူများ အထူးသဖြင့် သူ့ကို ၂၀၁၅ ခုနှစ်က ဖြုတ်ချရန်အထိကြိုးစားခဲ့သောအတိုက်အခံများ အထိနာတော့မည်ဖြစ်သည်။

ထို့ပြင် ရာဇတ်၏မကျေနပ်မှုကိုခံရမည့်လူများလည်း ထိုဥပဒေကြောင့်ပင် ကျဆုံးရတော့မည်ဖြစ်သည်။မလေးရှား၏ အလျော်အစားကတော့ ကြီးလှသည်။ ထိုအရာများအားလုံးပဲ့ကိုင်ရှင်သည် ဝန်ကြီးချုပ် နာဂျစ်ရာဇတ်သာဖြစ်သည်။ အကောင်းအဆိုးသည် ရာဇတ်၏လက်ထဲတွင်သာရှိတော့သည်။ ထို့ကြောင့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များကတော့ ရာဇတ်၏ဆုံးဖြတ်ချက်လမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းဖို့ကိုသာ စောင့်ကြည့်နေရတော့သည်။

သို့သော်လည်း ၂၀၀၉ ခုနှစ် ရာဇတ်ဝန်ကြီးချုပ်သစ် ဖြစ်ကတည်းက အကောင်းဘက်ကိုသာဦးတည်သူအဖြစ် ဝေဖန်ခံရပြီး မလေးရှားနိုင်ငံ၏စီးပွားရေးကို အားကောင်းအောင်ပြုလုပ်နိုင်သူအဖြစ်လည်း နာမည်ကောင်းရခဲ့သူဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် အမြင့်ဆုံးစီးပွားရေးတိုးတက်မှုအထိ ရောက်ရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ယခုတစ်နှစ်လျှင် အနည်းဆုံးစီးပွားရေးတိုးတက်မှုနှုန်း ၄ ရာခိုင်နှုန်းနှင့်အထက်ရရှိအောင် နာဂျစ်အစိုးရအဖွဲ့က စွမ်းဆောင်ထားနိုင်သည်။

မလေးရှားသည် အရှေ့တောင်အာရှ၌ တတိယမြောက်အားအကောင်းဆုံးစီးပွားရေးနိုင်ငံဖြစ်ပြီး နိုင်ငံသားတစ်ယောက်ချင်းဝင်ငွေ GDP per capita ကလည်း စင်ကာပူနှင့် ဘရူနိုင်းပြီးလျှင် နံပါတ်(၃)နေရာရှိသောနိုင်ငံလည်းဖြစ်သည်။ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း အားအကောင်းဆုံးတွင်လည်း နံပါတ်စဉ်(၁၄)ရရှိထားပြီး အသစ်စက်စက်ဖွံ့ဖြိုးနေသော စီးပွားရေးဈေးကွက်သစ်ကြီးတစ်ခုလည်းဖြစ်နေသည်။

ကမ္ဘာ့လာဘ်စားမှုနံပါတ်စဉ်တွင်လည်း (၄၅)အထိရရှိအောင် ရာဇတ်စွမ်းဆောင်ထားနိုင်သည်။ သူ့လက်ထက်တွင် မလေးရှားနိုင်ငံ၏ အကောင်းဆုံးသမိုင်းမှတ်တိုင်များကို ပြသနိုင်ခဲ့ပြီး နိုင်ငံ၏အကောင်းဆုံးစီးပွားရေးအရှိန်ကို ထိန်းထားနိုင်ခဲ့သည်။ သို့သော်လည်း ရာဇတ်သည် ယခင် မလေးရှားဝန်ကြီးချုပ်များနည်းတူ နိုင်ငံတကာ၏ဝေဖန်မှုကိုလည်းဂရုမစိုက် ခေါင်းမာသည့်လူစားဖြစ်သောကြောင့် လူ့အခွင့်အရေးဟူသောခေါင်းစဉ်နှင့် ကုလသမဂ္ဂ၏ ဝေဖန်မှုများသည် မလေးရှား၌ တိုးမပေါက်အောင်ဖြစ်နေသည်။

ထို့ကြောင့် မလေးရှား၏လူ့အခွင့်အရေးအညွှန်းကိန်းသည် အမြဲတမ်းအောက်ဘက်၌ ရောက်ရှိနေခြင်းဖြစ်သည်။ သို့သော်လည်း ထိုအရာသည် မလေးရှား၏ရှုပ်ထွေးလွန်းသောထုံးစံပင်ဖြစ်သည်။ လူ့အခွင့်အရေးတစ်ခုတည်းကိုကြည့်ပြီး ယခုရာဇတ်အသက်ဝင်ပြီဖြစ်သည့် အကြမ်းဖက်ဥပဒေကိုအသုံးချကာ လမ်းကြောင်းလွဲသွားမည်ဟုလည်း ရာနှုန်းပြည့်ဝေဖန်လို့မရသည့်အခြေအနေဖြစ်သည်။

၂၀၁၅ ခုနှစ်က ရာဇတ်၏လာဘ်စားမှုသတင်းကြောင့် သဘောထားကွဲလွဲထားသည့် မလေးရှားပြည်သူများထဲတွင် တချို့သည် ရာဇတ်ကိုပြင်းပြင်းထန်ထန် ဝေဖန်ထားသောကြောင့် ယခုအကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဥပဒေကို ရာဇတ်အသုံးချမည်ကို စိုးရိမ်နေရခြင်းသာဖြစ်သည်။ သို့သော်လည်း ရာဇတ်သာ သူတို့စိုးရိမ်သလိုဖြစ်မလာဘဲ အကြမ်းဖက်တိုက်ဖျက်ရေးအတွက်သာကြည့်ပြီး ဥပဒေကိုစစ်မှန်သည့် လမ်းကြောင်းပေါ်တွင်သာ အသုံးချပါက မလေးရှားနိုင်ငံသည် အကြမ်းဖက်ကင်းစင်နယ်မြေသစ်တစ်ခု ဖြစ်လာနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ရှိန်းထက်**

## ဆရာ ဆရာမများ ရာထူးတိုးအပြောင်းအရွှေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထုတ်ပြန်ပေးမည်

နေပြည်တော် ဩဂုတ် ၁

အခြေခံပညာကဏ္ဍရှိ ဆရာ၊ ဆရာမများ ရာထူးတိုး၊ အပြောင်းအရွှေ့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်အပေါ် မူတည်၍ လစာနှုန်းထားများကို ခံစားခွင့်ရရှိရန် ပြင်ဆင်ပြဋ္ဌာန်းမည်ဖြစ်ကြောင်း သိရသည်။

"ဆရာ၊ ဆရာမတွေ ရာထူးတိုးပြောင်းရွှေ့၊ လစာတိုးရေးတို့ကို ပြန်လည်ပြင်ဆင်သတ်မှတ်ပြီး စွမ်းဆောင်ရည်အပေါ်မှာ မူတည်လို့ ခံစားခွင့်ရရှိအောင် ဆောင်ရွက်နေပါတယ်။ ရာထူးအပြောင်းအရွှေ့ကို တိုင်းဒေသကြီးနဲ့ပြည်နယ်အလိုက် ဇူလိုင်လလယ်လောက်ကစပြီး ထုတ်ပြန်ပေးနေပါတယ်။ ဩဂုတ်လနဲ့ စက်တင်ဘာလလောက်အထိ ဆက်လက်ထုတ်ပြန်ပေးနေမှာဖြစ်ပါတယ်" ဟု တပ်ကုန်းမြို့နယ်ပညာရေးမှူး ဦးဝင်းအောင်ကပြောသည်။

ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်ကြီးများ၏စွမ်းဆောင်မှုကို စာမေးပွဲအောင်ချက်၊ လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း၊ လုပ်ငန်းခွင်အတွင်း စည်းကမ်းလိုက်နာနိုင်မှုနှင့် တက်ရောက်ခဲ့သော ဆရာအတတ်သင်တန်းနှင့် ဘာသာရပ်ဆိုင်ရာ ဘွဲ့အဆင့်ဆင့်ပေါ်မူတည်၍ ရာထူးတိုးနှင့်အပြောင်းအရွှေ့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်ဒေသအခြေခံပညာကျောင်းများရှိ ဆရာဦးရေသည် မြို့ပေါ်ဒေသရှိ ဆရာဦးရေနှင့်နှိုင်းယှဉ်လျှင် အလွန်နည်းပါးနေကြောင်း အခြေခံပညာဆရာ၊ ဆရာမများ ခန့်ထားရေးဆိုင်ရာ လေ့လာတင်ပြချက်စာတမ်းတွင် ဖော်ပြထားသည်။

**ဝေကီ**

## မြန်မာနိုင်ငံရုပ်စုံသဘင်နှစ်ပတ်လည်အခမ်းအနား မန္တလေးမြို့ ရွှေပြည်သာဟိုတယ်၌ ကျင်းပမည်

မန္တလေး ဩဂုတ် ၁

မြန်မာနိုင်ငံရုပ်စုံသဘင်အသင်းနှစ်ပတ်လည်အခမ်းအနားကို ဩဂုတ် ၁၉ ရက်တွင် မန္တလေးမြို့ရှိ ရွှေပြည်သာဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါအခမ်းအနား၌ သက်ကြီးရုပ်သေးပညာရှင်များအား ကန်တော့ပွဲနှင့် ရုပ်သေးပညာရှင်များ၏ ဖျော်ဖြေမှုကိုပါ ထည့်သွင်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်စုံသဘင်အသင်းဥက္ကဋ္ဌ ဒေါ်မမနိုင်၏ ပြောကြားချက်အရ သိရသည်။

အဆိုပါအခမ်းအနားသည် မြန်မာနိုင်ငံရုပ်စုံသဘင်အသင်း၏ နှစ်နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားဖြစ်သည်။ အခမ်းအနားတွင် တာဝန်ရှိသူများက ရုပ်သေးပညာနှင့်ပတ်သက်၍ နောက်ပိုင်းပြုလုပ်မည့် အစီအစဉ်များနှင့် လာမည့်သက်တမ်းအတွက် အမှုဆောင်သစ်ရွေးချယ်မည့် အစီအစဉ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် သက်ကြီးရုပ်သေးပညာရှင်များကန်တော့ပွဲတွင် တစ်နိုင်ငံလုံးရှိ ရုပ်သေးပညာရှင်များအားလုံးကို ပူဇော်ကန်တော့မည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းမှ ရုပ်သေးအဖွဲ့များအားလုံးနီးပါးက ရုပ်သေးပညာဖြင့် အသီးသီးဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသော်တာလွင်**



2.8 (P-24) SPM.indd 1 8/1/2016 5:45:05 PM

www.facebook.com/themyawadydaily






## အသင်းသည်သာ အရေးကြီးဆုံးဟု ကစားသမားများကို မော်ရင်ဟို သတိပေး

မန်ချက်စတာ ဩဂုတ် ၁

မန်ယူအသင်းနည်းပြမော်ရင်ဟိုက အသင်းသည်သာအရေးကြီးဆုံးဖြစ်ကြောင်း နားလည်ထားကြရန် ကစားသမားများကို သတိပေးပြောဆိုလိုက်ကြောင်း သိရသည်။

မော်ရင်ဟိုသည် မန်ယူအသင်းက ဂါလာတာစာရေးအသင်းကို ၅ဂိုး-၂ ဂိုးဖြင့် အနိုင်ရသည့် ပွဲစဉ်အပြီးတွင် ယခုကဲ့သို့ပြောဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းက"ကျွန်တော်တို့အနေနဲ့ ပရီးမီးယားလိဂ်မှာ ၃၈ ပွဲ၊ ယူရိုပါလိဂ်မှာ အဆုံးထိကစားနိုင်မယ်ဆိုရင် ၁၅ ပွဲ၊ ဒါ့အပြင် ပြည်တွင်းဖလားပွဲစဉ်တွေကိုပါထည့်တွက်မယ်ဆိုရင် တစ်ရာသီအတွင်း ပွဲစဉ် ၆၀ ခန့် ကစားရဖို့ရှိပါတယ်။ အဲဒီပွဲစဉ်တွေအားလုံးကို ကစားသမား ၁၁ ဦးတည်းနဲ့ ကစားဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ကစားသမားတွေအနေနဲ့ နားလည်ထားဖို့လိုတာကတော့ အသင်းထက်ဘယ်သူမှအရေးမကြီးဘူးဆိုတာပါပဲ။ ကစားသမားတွေအနေနဲ့ အသင်းကအလိုရှိတဲ့အချိန်မှာ အသင့်ဖြစ်နေဖို့လိုပါတယ်။ ကစားသမားတွေဟာ ပွဲထွက်ခွင့်ရချင်လည်းရမယ်၊ မရချင်လည်းမရဘူး။ မိနစ် ၉၀ စလုံးကစားရတာရှိနိုင်သလို တစ်မိနစ်ပဲကစားရတာမျိုးလည်းရှိနိုင်ပါတယ်။ ဒါဟာ အသင်းသားတွေအားလုံးတွေ့ကြုံရမယ့် အခြေအနေပါပဲ" ဟု ပြောသည်။ ထို့ပြင် မော်ရင်ဟိုက ၎င်းအနေဖြင့် မိမိ၏အစီအစဉ်တွင် မပါဝင်သည့် ကစားသမားများကို အသင်း၌ လုံးဝဆက်လက်ထိန်းထားမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောခဲ့သည်။ မော်ရင်ဟိုက"ကျွန်တော့်ရဲ့အစီအစဉ်ထဲမှာမပါဝင်တဲ့ ကစားသမားတွေကို ပွဲစဉ်တွေထဲမှာ တစ်မိနစ်တောင်ထည့်ကစားသွားမှာမဟုတ်ပါဘူး" ဟု ပြောသည်။

***Ref:Daily Mail***

## ရာသီသစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ဖြင့် ကျေနပ်မည်မဟုတ်ဟု အာဆင်နယ်နည်းပြအာစင်ဝင်းဂါးပြော

## အသင်းမှာ ဝါရင့်တိုက်စစ်မှူးတစ်ဦးလိုအပ်နေသည်ဟု ဖွင့်ဟဝန်ခံ

လန်ဒန် ဩဂုတ် ၁

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက လာမည့်ရာသီသစ်တွင် ၎င်းတို့အနေဖြင့်ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမှုနှင့် ကျေနပ်နိုင်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အာဆင်နယ်သည် ပြီးခဲ့သည့်ရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံလက်စတာ၏နောက် ဒုတိယနေရာ ရရှိခဲ့သည်။ သို့သော် အာစင်ဝင်းဂါးဦးဆောင်သည့် အာဆင်နယ်အသင်းမှာ ၂၀၀၃-၂၀၀၄ ရာသီကစပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဖိုလ်စွဲနိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် အာစင်ဝင်းဂါးက ချန်ပီယံလိဂ်ဝင်ခွင့်ရရုံဖြင့် ၎င်းတို့အသင်း မည်သည့်အခါမှကျေနပ်တင်းတိမ်ခြင်းမရှိခဲ့ကြောင်း ပြောသည်။



အာစင်ဝင်းဂါးက "ထိပ်ဆုံးလေးနေရာအတွင်းဝင်နိုင်လို့ ဘယ်တုန်းကမှ မကျေနပ်ခဲ့ပါဘူး။ ဒါပေမဲ့ ပြီးခဲ့တဲ့ရာသီက ကျွန်တော်တို့ရဲ့နောက်မှာ ၁၈ သင်းရှိပါသေးတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ဘာလုပ်ရမယ်ဆိုတာကို သိတယ်လို့ယုံကြည်ပါတယ်" ဟု ပြောသည်။

ထို့ပြင် အာစင်ဝင်းဂါးက ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုပြိုင်ဆိုင်မှုပြင်းထန်လာကြောင်း၊ ကစားသမားများအား ကြေးကြီးပေးခေါ်နေခြင်းက သိသာကြောင်း ဆိုခဲ့ပြီး ၎င်းအနေဖြင့် ရာသီသစ်တွင် ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် ဝါရင့်တိုက်စစ်မှူးတစ်ဦး လိုအပ်နေသည်ဟု ပြောသည်။

၎င်းက "လက်ရှိကျွန်တော်တို့အသင်းရဲ့ တိုက်စစ်မှာ ဝါရင့်ကစားသမား များများစားစားမရှိပါဘူး။ ကျွန်တော်တို့အနေနဲ့ ရာသီသစ်မှာ ပရီးမီးယားလိဂ်ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ဆိုရင် ဝါရင့်တိုက်စစ်မှူးတစ်ဦး လိုအပ်နေပါသေးတယ်။ ကျွန်တော့်အနေနဲ့ အဲဒီလိုတိုက်စစ်မှူးမျိုးကို ဒီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူနိုင်ဖို့ ကြိုးစားသွားမှာပါ" ဟု ပြောသည်။

အာဆင်နယ်အသင်းသည် ၎င်းတို့၏ အားနည်းနေသည့်တိုက်စစ်ကို အားဖြည့်ရန် လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သိရသည်။ အာဆင်နယ်သည် ယခုရာသီတွင်လည်း နာမည်ကြီးကစားသမားများ မခေါ်ယူခြင်းကြောင့် နည်းပြဝင်းဂါးမှာ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။ အာဆင်နယ်အသင်းအနေဖြင့် ယခုရာသီတွင် ထိပ်တန်းကစားသမားများ မခေါ်ယူဘဲ ရာသီသစ်ကိုဖြတ်သန်းမည်ဆိုပါက အောင်မြင်မှုရရှိရန် အလှမ်းဝေးနိုင်သလို ရလဒ်ဆိုးရွားလာပါက နည်းပြဝင်းဂါးမှာ ရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိနေကြောင်း သိရသည်။

မကြာမီက မီဒီယာများ၏ ဖော်ပြချက်အရ ဝင်းဂါးကို နည်းပြရာထူးမှထုတ်ပယ်နိုင်ဖွယ်ရှိနေပြီး ရာသီအစရလဒ်များအပေါ် မူတည်၍ အသင်းဘုတ်အဖွဲ့မှ ဆုံးဖြတ်သွားဖွယ်ရှိနေသည်။ ဝင်းဂါးက အသင်းနှင့်ချုပ်ဆိုထားသော စာချုပ်ကိုလေးစားသည့်အနေဖြင့် သက်တမ်းကုန်သည်အထိရှိနေမည်ဟု ဖွင့်ဟထားသည်။

***Ref:GOAL***

## မော်ရင်ဟို မိုဗစ်ချ်တို့နှင့်ပင် ပရီးမီးယားလိဂ်ချန်ပီယံဆုရယူရန်မန်ယူလုံလောက်

လန်ဒန် ဩဂုတ် ၁

အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်က နည်းပြမော်ရင်ဟိုနှင့် တိုက်စစ်မှူးအီဗရာဟီမိုဗစ်ချ်တို့သည် မန်ယူအတွက် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ပြန်လည်ရယူရန် လုံလောက်သည့်အထောက်အပံ့ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်းသည် နည်းပြဖာဂူဆန်နောက်ပိုင်းတွင် ပရီးမီးယားလိဂ်အောင်မြင်မှုနှင့် ဝေးကွာနေခဲ့ပြီး မော်ရင်ဟိုမှာ ၎င်းနောက်ပိုင်းသုံးဆက်မြောက် ပြောင်းလဲခဲ့ရသည့် နည်းပြတစ်ဦးလည်းဖြစ်သည်။ ဝါရင့်တိုက်စစ်မှူး မိုဗစ်ချ်မှာလည်း ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ အသက် ၃၅ နှစ်ရောက်မှ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

အဲရစ်ဆင်က "မိုဗစ်ချ်အနေနဲ့မန်ယူကို ပြောင်းရွှေ့သွားတာ ကျွန်တော်မအံ့ဩမိပါဘူး။ မော်ရင်ဟိုဟာ မိုဗစ်ချ်လိုပဲ အောင်မြင်ကျော်ကြားတဲ့သူဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ ပေါင်းစည်းမှုနဲ့တင် မန်ယူဟာ ရာသီသစ်မှာ ပရီးမီးယားလိဂ်ချန်ပီယံဖြစ်ဖို့ လုံလောက်ပါတယ်။ ကျွန်တော့်အနေနဲ့ သူတို့ဆီကနေ အများကြီးမျှော်လင့်ထားပါတယ်။ သူတို့က သာမန်ထက်ထူးခြားတဲ့သူတွေပါ။ ရာသီသစ်မှာ သူတို့တစ်ခုခုလုပ်ပြပါလိမ့်မယ်" ဟုပြောသည်။



ဆက်စပ်သတင်းများအရ မန်ယူအသင်းသည် ၎င်းတို့၏တိုက်စစ်မှူးသစ် အီဗရာဟီမိုဗစ်ချ်နာမည်ပါသည့်ကျောနံပါတ်(၉) ဂျာစီ ရောင်းချရမှုမှ တစ်ပတ်အတွင်း ပေါင် ၇၆ သန်းအထိရရှိခဲ့ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြနေကြသည်။ ***Ref:Daily Mail***

## တရုတ်၌ ဗီယာရီ ဘောလုံးပြန်ကစားမည်

ရောမ ဩဂုတ် ၁



အီတလီတိုက်စစ်မှူးဟောင်း ဗီယာရီသည် ကစားသမားဘဝမှအနားယူခဲ့သည်မှာ ကာလအတန်ကြာရှိပြီဖြစ်သော်လည်း ယခုအခါ တရုတ်နိုင်ငံ၌ ဘောလုံးသွားရောက်ကစားတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အသက် ၄၃ နှစ်အရွယ် ဗီယာရီသည် ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် ကစားသမားဘဝမှအနားယူခဲ့သူဖြစ်ပြီး ဂျူဗင်တပ်စ်၊ အက်သလက်တီကို၊ လာဇီယိုနှင့် အင်တာမီလန်တို့၌ ကစားခဲ့ဖူးသူလည်းဖြစ်သည်။ ဗီယာရီက "မင်္ဂလာပါပနီသတ်ကြီးရေ၊ တရုတ်နိုင်ငံမှာ ဘောလုံးသွားကစားဖို့ကျွန်တော်ဆုံးဖြတ်ပြီးပါပြီ" ဟု ပြောကြားခဲ့သည်။ ဗီယာရီသည် အင်တာမီလန်အသင်း၌ ပါဝင်ကစားခဲ့ပြီး ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုနှင့်အတွဲညီခဲ့သလို အောင်မြင်မှုများရရှိခဲ့သူဖြစ်သည်။ သူသည် အီတလီအသင်း၏ အဓိကတိုက်စစ်မှူးအဖြစ်လည်း အချိန်အတော်ကြာရပ်တည်ခဲ့သည်။

***Ref:GOAL***

## အပြောင်းအရွှေ့ဈေးကွက်မှုမမှန်ဟု ဒေါ့မွန်နည်းပြတူချယ် ဝေဖန်ပြောကြား




မြူးနစ် ဩဂုတ် ၁

လက်ရှိဘောလုံးကစားသမားအပြောင်းအရွှေ့ဈေးကွက်သည် ဖောက်ပြန်သည့်အနေအထားသို့ရောက်ရှိသွားပြီဖြစ်ကြောင်း ဒေါ့မွန်အသင်းနည်းပြ တူချယ်က ဝေဖန်ပြောဆိုလိုက်သည်။

ဂျူဗင်တပ်စ်အသင်းက ဟီဂူအင်အား ယူရိုသန်း ၉၀ ဖြင့် ခေါ်ယူခဲ့ပြီး မန်ယူအသင်းက ပြင်သစ်ကွင်းလယ်လူ ပေါ့ဂ်ဘာအား ယူရိုသန်း ၁၂၀ ဖြင့်ခေါ်ယူနိုင်ရန်နီးစပ်နေချိန်တွင် တူချယ်က ယခုကဲ့သို့ ဝေဖန်ပြောကြားလိုက်ခြင်းလည်းဖြစ်သည်။ တူချယ်က "အပြောင်းအရွှေ့ဈေးကွက်ဖောက်ပြန်သွားပါပြီ။ ထိန်းချုပ်လို့မရတဲ့ အခြေအနေမျိုးကိုလည်း ရောက်သွားပြီဖြစ်ပါတယ်။ ဘောလုံးဟာ ငွေကြေးအတွက်ပဲ ဖြစ်လာမယ်ဆိုရင် ပရိသတ်တွေကို ကျွန်တော်တို့ ဆုံးရှုံးရပါလိမ့်မယ်။ ဘောလုံးအားကစားဟာ သာမန်လူတွေနဲ့ကလေးတွေအတွက်ပဲ ဖြစ်သင့်ပါတယ်။ အခုအနေအထားက ပွဲလာကြည့်တဲ့လူတွေဟာ ပွဲကြည့်ဖို့လာတာမဟုတ်တော့တဲ့ အနေအထားကို ရောက်သွားနိုင်ပါတယ်။ ဘောလုံးပွဲပတ်ဝန်းကျင်မှာ ပိုက်ဆံတွေအများကြီးရနေတာက ပြဿနာပါ။ တကယ်ပဲ ထိန်းချုပ်မှုအောက်က ကင်းလွတ်သွားမလား အချိန်ကဆုံးဖြတ်မှာပါ" ဟု ပြောသည်။

***Ref:GOAL***

## ရိုးမားနောက်ခံလူရူဒီ ကာလရှည်နားရဖွယ်ရှိ



ရောမ ဩဂုတ် ၁

ယခုလအစောပိုင်းတွင် အမ်ပိုလီမှ ရိုးမားသို့ အငှားဖြင့်ရောက်ရှိခဲ့သော ဘယ်နောက်ခံလူ မာရီယိုရူဒီသည် ဒူးဒဏ်ရာကြောင့် လေးလမှခြောက်လခန့် အနားယူရဖွယ်ရှိကြောင်း သိရသည်။ သူသည် ရိုးမားအသင်း၏ အမေရိကန်သို့သွားရောက်ခဲ့သော ရာသီကြိုခရီးစဉ်လေ့ကျင့်ရေးအစီအစဉ်အတွင်း အဆိုပါဒဏ်ရာကိုရရှိခဲ့ခြင်းလည်းဖြစ်သည်။ ထို့ပြင် အသက် ၂၅ နှစ်အရွယ် ရူဒီသည် ရူဒီဂါပြီးနောက် ဒူးအရွတ်ကြောဒဏ်ရာကြောင့် အနားယူရမည့် ဒုတိယမြောက် ရိုးမားကစားသမားလည်း ဖြစ်လာခဲ့ကြောင်း သိရသည်။ ယခုအခါ သူသည် အမေရိကန်မှရောမမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး တနင်္လာနေ့က ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ကြောင်း သိရသည်။ မာရီယိုရူဒီသည် ဒဏ်ရာကြောင့် ရာသီအစပွဲစဉ်များကိုပါ လွဲချော်မည်ဖြစ်သည်။

***Ref:GOAL***

www.facebook.com/themyawadydaily

# မင်းဘူးမြို့အတွင်း ရေဘေးကူညီကယ်ဆယ်ရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း ဇူလိုင် ၂၉ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ကမ်းဘေးရှိ ရပ်ကွက်တချို့နှင့် ကျေးရွာတချို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ရာ မင်းဘူးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ ထုံးမကြီးကျေးရွာနှင့် လေးအိမ်တန်းကျေးရွာတို့ရှိ အိမ်ထောင်စု ၄၉၂ စုမှ လူဦးရေ ၂၁၁၄ ဦးတို့ကို ရေဘေးလွတ်ရာ ချမ်းသာကြီးဘုရား၊ ခရိုင်ရဲဝင်းဟောင်း၊ ကန်ကုလားကျေးရွာ၊ မန်ဂျီကျေးရွာ၊ ခြင်တောင်ကျေးရွာနှင့် အမှတ်(၆)ရပ်ကွက်၊ ကိုးဆောင်ဘုန်းတော်ကြီးကျောင်းများသို့ ဇူလိုင် ၃၁ ရက်မှစ၍ တပ်မတော်မှ မော်တော်ယာဉ်များဖြင့် ကူညီရွှေ့ပြောင်းပေးသည်။

အလားတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သာစည်-ရွှေညောင်သွားရထားလမ်းယင်းမာပင်နှင့် ဘုရားငါးဆူကြား မိုင်တိုင်အမှတ်၊ စာမျက်နှာ ၁၇ ကော်လံ ၁ ❍



နယ်မြေခံတပ်မတော်သားများက မင်းဘူးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ငွေကျပ်သိန်း ၁၀၀၀၀ ဆွတ်ခူးနိုင်မည့် ငွေကျပ် ၅၀၀ တန်ထီ ၂၀၁၇ ခုနှစ် ဧပြီလတွင် စတင်ရောင်းချမည်

ရန်ကုန် ဩဂုတ် ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနမှ ဆုကြေးငွေကျပ်သိန်းပေါင်း ၁၀၀၀၀ ဆွတ်ခူးနိုင်မည့် ငွေကျပ် ၅၀၀ တန် ထီလက်မှတ်များကို ၂၀၁၇ ခုနှစ် ဧပြီလတွင် ထုတ်ဝေရောင်းချသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ အောင်ဘာလေသိန်းဆုဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်က ပြောသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ⧉

**ကိုယ်လက်လှုပ်ရှားကစားခြင်းဖြင့် သွေးလည်ပတ်မှုပိုမိုကောင်းမွန်ကာ ကင်ဆာကလာပ်စည်းများမဖြစ်အောင် ကာကွယ်ပေးပါသည်။**

# ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရတနာပုံတက္ကသိုလ်နှင့် ဦးပိန်တံတားတို့ကို ခေတ္တပိတ်ထားရ

မန္တလေး ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီးရှိ ရတနာပုံတက္ကသိုလ်ဝင်းနှင့် တောင်သမန်အင်းအတွင်း ဧရာဝတီမြစ်ရေများဝင်ရောက်နေမှုကြောင့် ယနေ့မှစတင်ကာ အဆိုပါတက္ကသိုလ်နှင့် ဦးပိန်တံတားတို့ကို ခေတ္တပိတ်ထားကြောင်းသိရသည်။ စာမျက်နှာ ၁၆ ကော်လံ ၅ ⏭



# အာဆီယံအမျိုးသမီးပြိုင်ပွဲ ဆီမီးပွဲများယနေ့ကစားမည်

မန္တလေး ဩဂုတ် ၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂ ရက်**(ယနေ့)**တွင်ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ညနေ ၃ နာရီတွင် ဩစတြေးလျ ယူ-၂၀ အသင်းနှင့် လက်ရှိချန်ပီယံထိုင်းအသင်း၊ ညနေ ၆ နာရီတွင် ဗီယက်နမ်အသင်းနှင့် အိမ်ရှင်မြန်မာအသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယနေရာရရှိသောကြောင့် ဆီမီးဖိုင်နယ်ပွဲစဉ်ရေးဆွဲထားမှုအရ ပထမပွဲကစားရမည်ဖြစ်သော်လည်း ဒုတိယပွဲသို့ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနှင့်တွေ့ဆုံနေသည့် စာမျက်နှာ ၁၆ ကော်လံ ၅ ❑



မြန်မာအမျိုးသမီးအသင်း ကစားသမားများကို တွေ့ရစဉ်။

## 2016 MNL ချန်ပီယံရတနာပုံအသင်းအား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုက ဂုဏ်ပြုလွှာပေးပို့

စာ- ၃၀ သို့

## တောင်တရုတ်ပင်လယ်အရေး ခုံရုံး၏စီရင်ချက်ကို ထိရောက်စွာ တုံ့ပြန်ရန် တရုတ်စစ်ဘက်က သမ္မတရှီအားတိုက်တွန်း



စာ- ၂၉ သို့

## နိုင်ငံတကာ သတင်းအညွှန်း

**စင်ကာပူတွင် မောင်းသူမဲ့ကားများ အသုံးပြုနိုင်တော့မည်ဟုဆို**

စာ- ၂၉ သို့

## တရုတ်နိုင်ငံတောင်ပိုင်းသို့ မုန်တိုင်းဝင်ရောက်နိုင်ဖွယ်ရှိသောကြောင့် ရုံးများ၊ စက်ရုံများ၊ ကျောင်းများကို ပိတ်ထားခဲ့ရ

စာ- ၂၉ သို့



www.myawady.net.mm
E.mail:mwdpress@hotmail.co.uk